# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၁၉၅) ၊ ၁၃၈၆ ခုနှစ် ၊ နယုန်လဆန်း ၁၁ ရက်၊ ၁၇-၆-၂၀၂၄ ၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးတည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် ဒေသအကျိုး ပိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်မှ အရာရှိ၊စစ်သည်၊ မိသားစုဝင်များအား နယ်မြေခံလေတပ်စခန်းဌာနချုပ် သူရအုန်းခိုင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဖွဲ့ဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

**သမိုင်းအစဉ်အလာကောင်းများနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတွင် တာဝန်ထမ်းဆောင်နေကြရသူများဖြစ်**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ မိတ္ထီလာဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သင့်သည်များနှင့် ဆောင်ရွက်နိုင်သည်များကို

စာမျက်နှာ ၃ သို့

**ယနေ့ ဖတ်စရာအညွှန်း**

**အုန်းသီးများ နယ်ပယ်ပေါင်းစုံမှ အဝင်များလာခြင်းကြောင့် ဈေးနှုန်းအနည်းငယ် ကျဆင်းလာ**

စာမျက်နှာ ၁၂

— — — — — — — — —

**မိုးစပါး ပျိုးထောင်စိုက်ပျိုးရန် စတင်ပြင်ဆင်နေ**

စာမျက်နှာ ၁၃

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၆ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဇွန် ၁၇ ရက်၊ တနင်္လာနေ့။

# ပထမအရွယ်တွင် ပညာကိုကြိုးစားရှာဖွေကြရမည်

ပညာခေတ်တွင် လူတိုင်းလူတိုင်းပညာတတ်မြောက်ရန်လိုသည်။ ပညာရှာဖွေရေးနည်းလမ်းများကလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ လောက၌ အတတ်ပညာနှင့် ပြည့်စုံသူကို ချီးကျူးပူဇော်ကြသည်။ ထို့ကြောင့် လောကနီတိဆုံးမစာတွင် အိုချစ်သားတို့ နေ့တိုင်းနေ့တိုင်း ပညာသင်ကြပါကုန်လော့ဟူ၍ ပညာတတ်အောင်သင်ကြားကြရန် တိုက်တွန်းထားသည်။ လူ့ဘဝတွင် ပထမအရွယ်တွင် ပညာကိုကြိုးစားရှာဖွေကြရမှာဖြစ်ပြီး ပညာတတ်အောင်သင်ကြားကြရမည်။ ပထမအရွယ်၌ ပညာမသင်ကြားခဲ့သော် ဒုတိယအရွယ်၌ စီးပွားရှာဖွေရန် ခက်ခဲနေပေလိမ့်မည်။ စီးပွားဥစ္စာမပြည့်စုံခဲ့သော် တတိယအရွယ်၌ တရားဓမ္မရှာဖွေနိုင်မည်မဟုတ်ပေ။ စတုတ္ထအရွယ်ကွယ်လွန်ချိန်တွင်ကား ဘာမျှလုပ်နိုင်တော့မည်မဟုတ်ပေ။ ထို့ကြောင့် အစကောင်းမှအနှောင်းသေချာဆိုသောစကားအတိုင်း လူ့ဘဝ၏အဖိုးတန်ဆုံးသောအချိန်ကာလသည် ပထမအရွယ် ကျောင်းသား၊ ကျောင်းသူများ၏ လူငယ်ဘဝဖြစ်သည်။ လူငယ်ဘဝတွင် အကောင်းဆုံးသောအရာများကို ပိုင်ဆိုင်နိုင်အောင် လုပ်ဆောင်ကြရန် အရေးကြီးလှသည်။ ကျောင်းပညာရပ်များ သင်ယူရမည့်အချိန်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရပ်များကို ဆုံးခန်းတိုင်အောင်သင်ကြားကြရမည်လည်းဖြစ်သည်။ အခြေခံပညာအဆင့်သည် လူငယ်ဘဝ၏ ပထမလှေကားထစ်ဟု ဆိုနိုင်သည်။ စာမေးပွဲအဆင့်ဆင့်ကို အောင်မြင်အောင်ကြိုးစားနိုင်ခြင်းသည် ပထမဆုံးသော လှေကားထစ်ကို အောင်မြင်စွာကျော်ဖြတ်လိုက်ခြင်းပင်ဖြစ်သည်။ လူငယ်ဆိုသည်မှာ တက်ကြွပြီးကြိုးစားလိုစိတ်ရှိသည်။ လူငယ်တိုင်းတွင် တူညီသောစိတ်မှာ မခံချင်စိတ်ဖြစ်သည်။ ထိုမခံချင်စိတ်ကို ကောင်းသည့်ဘက်တွင် အသုံးပြုကာ မိမိတို့ဘဝတက်လမ်းကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ ကောင်းသည့်ဘက်တွင် ယှဉ်ပြိုင်ခြင်းသည် အကောင်းဆုံးကိုရောက်အောင် ကြိုးစားခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူချင်းအတူတူ သူကစာတော်ပြီး မိမိကစာညံ့နေလျှင် သူ့လိုဖြစ်အောင် ငါလည်းကြိုးစားမယ်ဆိုသောစိတ်ဖြင့် ကြိုးစားကြရမည်ဖြစ်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစား၍ မအောင်မြင်သော အရာဟူသည် ဤလောက၌ မရှိသေးပါ။ ကြိုးစားသူတိုင်းအတွက် အောင်မြင်မှုက လက်ကမ်းကြိုနေမည်သာဖြစ်သည်။

လူငယ်တိုင်းသည် ကောင်းသောယှဉ်ပြိုင်မှုဖြင့် ကြိုးစားကြမည်ဆိုလျှင် ပထမအရွယ်ကို အောင်အောင်မြင်မြင်ဖြတ်သန်းနိုင်ကြမည်ဖြစ်သည်။ ပထမအရွယ်ကို အောင်မြင်သွားမည်ဆိုပါက ဒုတိယအရွယ်ဟူသော စီးပွားရှာဖွေချိန်တွင် အခက်အခဲရှိတော့မည်မဟုတ်ပေ။ မိမိသည် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မည်ဆိုပါက မိမိကြိုးစားရရှိထားသော ဘွဲ့များအလိုက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ မိမိတို့ရရှိထားသော ဘွဲ့အရည်အချင်းများပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းမှန်သမျှက စောင့်ကြိုနေမည်သာဖြစ်သည်။ ကြိုးစားသင်ယူတတ်မြောက်ထားသော ပညာအရည်အချင်းသည် မိမိတို့ဘဝကို မြှင့်တင်ပေးသွားမည်သာဖြစ်သည်။

ယနေ့ ပညာကိုကြိုးစားရှာဖွေကြရန် အခွင့်အလမ်းကောင်းများစွာရှိနေပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် ကျောင်းတွင်း၌ရော၊ ကျောင်းပြင်မှာရော ပညာကို ကြိုးစားရှာဖွေရမည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် ပညာရပ်များသည် အချိန်တိုင်းတိုးတက်လျက်ရှိသည်။ ကျောင်းစာသင်ခန်းတွင် သင်ကြားနေသောသင်ခန်းစာများသည် လူငယ်တို့၏ အသိဉာဏ်ကို ဖွံ့ဖြိုးစေသည်။ စာရိတ္တကိုခိုင်မာစေသည်။ စိတ်ထားဖြူစင်မှုကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ရာ ပညာခေတ်တွင် ကာယ၊ ဉာဏ၊ စာရိတ္တ ရသ သက်မွေးဘက်စုံပညာရေးကဏ္ဍ တိုးတက်လာသော ပညာလက္ခဏာများဖြစ်သကဲ့သို့ ပညာရှာဖွေရန် အခွင့်အလမ်းကောင်းများ ရှိနေပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပထမအရွယ်တွင် ပညာကိုကြိုးစားရှာဖွေကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဓာတ်အားလိုင်းများ လိုင်းအပြစ်ဖြစ်ပွားမှုလျှော့ချရေး အလုပ်ရုံဆွေးနွေး

**မန္တလေး ဇွန် ၁၆**





လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ထရန်စဖော်မာလောင်ကျွမ်းမှုများနှင့် ဓာတ်အားလိုင်းများ လိုင်းအပြစ်ဖြစ်ပွားမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ(အင်/ယာ)(ဓာတ်အားဖြန့်ဖြူးရေး)၊ ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)များ၊ လိုင်းဝန်ထမ်းများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ခေတ္တဥက္ကဋ္ဌ ဦးတင်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် လျှပ်စစ်မီးသုံးစွဲသူ အများပြည်သူတို့အား လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး၊ ဌာနပိုင် ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ခြင်းကြောင့် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို လက်တွေ့ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ရသည့် လိုင်းဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေခြင်း၊ အများပြည်သူသို့ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးမှုများမှ ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများက ထရန်စဖော်မာလောင်ကျွမ်းခြင်းနှင့် လိုင်းအပြစ်ဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများ၊ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်နှင့် ဆုံးရှုံးမှုများ၊ ကြိုတင်ကာကွယ်ခြင်းနှင့် စစ်ဆေးပြုပြင်ခြင်း စသည့် အကြောင်းအရာများနှင့်ပတ်သက်၍ အဆိုပြုဆွေးနွေးခြင်း၊ မေးခွန်းများ အပြန်အလှန်မေးမြန်းခြင်း၊ ထပ်မံဖြည့်စွက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

## ချောင်းကြီး၊ မြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မင်းတဲအီကင်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၈ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၆ လမ်းနှင့် ၁၇ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၅ လမ်းနှင့် ၁၇ လမ်းကြား မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် အနိမ့်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၁ လမ်း ချမ်းမြေ့အောင်လမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း ၆၀ နှင့် ၆၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ကန်ကောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၈ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၂၆ လမ်းနှင့် ၂၇ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ဟေမာဇလရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၉ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၂၆ လမ်းနှင့် ၂၈ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ငွေတချောင်းမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈ လမ်းနှင့် ၃၁ လမ်းတံတားထိပ်မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၆ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက လမ်း ၃၀ နှင့် ၃၁ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ၅၉ လမ်းအရှေ့ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို PC-200 စက်အသုံးပြု၍ ၄၃ လမ်းနှင့် သိပ္ပံလမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ကန်သာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် နဒီမြောင်းအတွင်းမှ အမှိုက်နှင့် နုံးစာများကို Longarm စက်အသုံးပြု၍ မြို့ပတ်လမ်းနှင့် ၁၁၄ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ၆၉ လမ်းဘေး ဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၁၀၁ လမ်းနှင့် ၁၀၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ကိုလံဘိုမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ နုံးနှင့် ဒိုက်များကို Longarm စက်အသုံးပြု၍ တောင်ဥယျာဉ်ရပ်ကွက်နှင့် Garden City တိုက်ခန်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ၅၉B လမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ၁၂၀ လမ်းနှင့် ၁၂၁ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၁၂၀ လမ်း မြောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၅၉ လမ်းနှင့် လမ်း ၆၀ ကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

✪ ရှေ့ဖုံးမှ

ဆွေးနွေးပြောကြားနိုင်ရန်လာရောက်စဉ် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိတ္ထီလာဒေသအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင်ရှိပြီး လမ်းပန်းဆက်သွယ်မှုတွင် အချက်အချာကျသည့် ထူးခြားသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနှံ့သို့ သွားရောက်နိုင်သည့် လမ်းဆုံနေရာဖြစ်သည့်အတွက် အသွားအလာများပြားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍လည်း အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်များ၊ ကောလိပ်များ၊ ကျောင်းများ ပြည့်စုံစွာရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာကို ဗဟိုပြု၍ စံပြဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်နှင့် အင်္ဂလိပ်တို့မိတ္ထီလာလွင်ပြင်၌ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး မိတ္ထီလာတိုက်ပွဲအဖြစ် နာမည်ကြီးခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီး ပြည်တွင်းသောင်းကျန်းမှုကာလအတွင်း လက်နက်ကိုင်သောင်းကျန်းသူများကို မိတ္ထီလာလွင်ပြင်၌ မြန်မာ့တပ်မတော်က စစ်ဆင်တိုက်ခိုက်ခဲ့မှုသမိုင်းဖြစ်ရပ်ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိတ္ထီလာတပ်နယ်တွင် တာဝန်ထမ်းဆောင်ရသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုများအနေဖြင့် ထူးခြားသည့်သမိုင်းကြောင်း အခြေအနေများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့်ဒေသတွင် တာဝန်ထမ်းဆောင်နေကြရခြင်းဖြစ်ကြောင်း၊ မိတ္ထီလာတပ်နယ်တွင် လက်ရုံးတပ်များ ပြည့်စုံစွာတည်ရှိပြီး သမိုင်းကြောင်းအစဉ်အလာကောင်းသည့် တပ်နယ်တစ်ခုဖြစ်သဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ရေး အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့်အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များအနေဖြင့် ကွဲပြားခြားနားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရသော်လည်း အားလုံးသည် တပ်မတော်သားများပင်ဖြစ်ကြောင်း၊ ရှေ့တန်းစစ်မြေပြင်တွင် ရှေ့တန်းကျကျတာဝန်ထမ်းဆောင်ရသည့် ခြေလျင်၊ ခြေမြန်တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ၊ လက်ရုံးတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် တစ်ဦးချင်းကျန်းမာကြံ့ခိုင်မှု ရှိနေရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်စေရေးအတွက် လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ အသက်အရွယ်အလိုက် လုပ်သင့်လုပ်ထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှုရှိစေရေး လေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်အတွင်းသို့ စတင်ဝင်ရောက်စဉ်ကတည်းကပင် အဆင့်အလိုက် ရှိသင့်ရှိထိုက်သည့် စစ်အတတ်ပညာရပ်များ ရရှိစေရေး သင်တန်းကျောင်းများမှ လေ့ကျင့်သင်ကြားပြီးဖြစ်သဖြင့် မိမိတို့သင်ကြားတတ်မြောက်ထားသည့် စစ်အတတ်ပညာရပ်များကို အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ပေးထားသည့် စစ်အတတ်ပညာများကိုအသုံးချ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးလာသူများ၏အန္တရာယ်ကို ခုခံကာကွယ်နိုင်ရန်နှင့် တိုက်ခိုက်ချေမှုန်းနိုင်ရန် လိုကြောင်း၊ လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် အမြဲမပြတ်ဆောင်ရွက်နေမည်ဆိုပါက လက်တွေ့စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ရာ၌ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ ဒေသအကျိုးကို အတူတကွဝိုင်းဝန်းဆောင်ရွက်**

နယ်မြေခံတပ်များဖြစ်သဖြင့် မိတ္ထီလာဒေသ၏ သမိုင်းကြောင်း၊ ပတ်ဝန်းကျင်အကြောင်းနှင့် အလေ့အထများကို သိရှိထားရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် ပတ်ဝန်းကျင်ကို သိရှိမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူထားရှိရန်လိုပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုကြောင်း၊ တစ်ဦးချင်း စစ်ရေးသတိရှိရန်လိုသကဲ့သို့ လက်ရုံးတပ်ဖွဲ့များအနေဖြင့် တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်များအလိုက် တိုက်ပွဲဝင်နိုင်ရန်အတွက် အမြဲအသင့်ရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ တပ်နှင့်ပြည်သူ တစ်သားတည်းဖြစ်အောင် တည်ဆောက်ထားရှိရန်လိုကြောင်း၊ တပ်တွင်း၊ တပ်ပြင် အင်အားများကို တည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွဝိုင်းဝန်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို မှန်မှန်ကန်ကန်ထမ်းဆောင်ပြီး ပြည်သူကလေးစားရသည့်၊ အားကိုးရသည့် စစ်သည်များဖြစ်အောင် နေထိုင်ကြရမည်ဖြစ်ကြောင်း။

**ပညာရေးအားပေးရန်နှင့် စာပေဖတ်မှတ်လေ့လာတတ်သည့် အလေ့အကျင့်ကောင်းကို ပြုလုပ်ပေးရန်**

မိတ္ထီလာဒေသတွင် ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းကောင်းများစွာရှိပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့် မိမိတို့၏သားသမီးများ၏ ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံပညာမှစ၍ အဆင့်မြင့်ပညာအထိ တစ်နေရာတည်းတွင် သင်ယူနိုင်မည့်အခွင့်အလမ်းကို အမိအရအသုံးချနိုင်ရန်လိုကြောင်း၊ **"ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ ပညာအသက် ဘဝတစ်သက်"** ဖြစ်ပြီး စာပေပညာနှင့် အသိပညာမရှိပါက ဘဝတစ်လျှောက်လုံးတွင် အခက်အခဲများနှင့် ကြုံတွေ့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင် အသိပညာဗဟုသုတများရရှိစေရေး စာပေဖတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏သားသမီးများကိုလည်း ပညာရေးအားပေးရန်၊ စာပေဖတ်မှတ်တတ်သည့် အလေ့အကျင့်ကောင်းကို ပြုလုပ်ပေးရန်လိုကြောင်း၊ စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုစေပြီး အသိပညာအတတ်ပညာကြွယ်ဝသည့်၊ ယဉ်ကျေးသိမ်မွေ့သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့်ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၊ မိသားစုများ၏ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိသဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

- **စစ်သည်တစ်ဦးချင်းစီအလိုက် ပတ်ဝန်းကျင်ကို သိရှိမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူထားရှိရန်လိုပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လို**
- **တစ်ဦးချင်း စစ်ရေးသတိရှိရန်လိုသကဲ့သို့ လက်ရုံးတပ်ဖွဲ့များအနေဖြင့် တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်များအလိုက် တိုက်ပွဲဝင်နိုင်ရန်အတွက် အမြဲအသင့်ရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လို**
- **တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ တပ်နှင့်ပြည်သူ တစ်သားတည်းဖြစ်အောင် တည်ဆောက်ထားရှိရန်လို**
- **တပ်တွင်း၊ တပ်ပြင်အင်အားများကို တည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွဝိုင်းဝန်းဆောင်ရွက်နေရမည်**
- **မိမိတို့၏တာဝန်များကို မှန်မှန်ကန်ကန်ထမ်းဆောင်ပြီး ပြည်သူကလေးစားရသည့်၊ အားကိုးရသည့် စစ်သည်များဖြစ်အောင် နေထိုင်ကြရမည်**

စာမျက်နှာ ၄ သို့ ✪

◎ စာမျက်နှာ ၃ မှ

### ကျန်းမာကြံ့ခိုင်သန်စွမ်းမှုရှိစေရေး အသိ၊ သတိနှင့် ယှဉ်၍ နေထိုင်စားသောက်ရန်လို

ကျန်းမာရေးနှင့်ပတ်သက်၍လည်း မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်သန်စွမ်းအောင် နေထိုင်စားသောက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ လူ့သက်တမ်းသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိသည်ကိုတွေ့မြင်ရကြောင်း၊ ထို့ကြောင့် အသိ၊ သတိနှင့်ယှဉ်၍ နေထိုင်စားသောက်ရန်နှင့် မိမိအတွက်အကျိုးမရှိသည့် အသောက်အစား၊ အပျော်အပါးများကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ ထို့ပြင် တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကိုလည်း ရှောင်ကြဉ်ကြရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးများကြောင့် မိမိတို့တစ်ဦးချင်း စွမ်းဆောင်ရည်များနှင့် မိမိတို့၏ မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းကိုယ်စီအသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

### သက်သာချောင်ချိရေးနှင့် ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံဖြစ်စေရေး

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ မိသားစုဝင်များ၏ မီးဖိုချောင်စားရေးကို အထောက်အကူဖြစ်စေနိုင်သည့်သီးနှံများကို စိုက်ပျိုးခြင်းဖြင့် ပိုလျှံလာသည့် ငွေကြေးများကိုအခြားနေရာများ၌ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို အဓိကထားဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် မိမိတို့တပ်မတော်သားများ၏ စားသောက်နေထိုင်မှုမှအစ လူနေမှုအဆင့်အတန်းကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ရသင့်ရထိုက်သည့် ရပိုင်ခွင့်များအပြင် အခြားလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်း သဖွယ်စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မိတ္ထီလာတပ်နယ်အတွင်းရှိတပ်ရင်း၊ တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မိတ္ထီလာ-ကျောက်ပန်းတောင်း-မကွေး ကားလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့တွင် မိတ္ထီလာ-ကျောက်ပန်းတောင်း-မကွေးကားလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



### မှာကြား

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မိတ္ထီလာ - ကျောက်ပန်းတောင်း ကားလမ်းဘေးရှိလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး ယူကလစ်၊ ကုက္ကို တစ်အုပ်တစ်မစိုက်ခင်း အပင် ၁၀၀၀ စိုက်ပျိုးထားမှုနှင့် တမာ၊ ကုက္ကို၊ မဲဇလီ တစ်အုပ်တစ်မစိုက်ခင်း အပင် ၁၅၀၀ စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အပူပိုင်းဒေသ ကားလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်လာစေရန်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေရန်၊ ဒေသခံနှင့် ခရီးသွား ပြည်သူများအရိပ်ခိုနားနေနိုင်ရန်၊ သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေးကို အထောက်အကူဖြစ်စေရန်နှင့် သစ်ပင်သစ်တောများ ဖြစ်ထွန်းလာမှုကြောင့် ရာသီဥတုမျှတကောင်းမွန်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ ကားလမ်းဘေး ဝဲ၊ ယာ သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အတူ အပူပိုင်းဒေသများတွင် တစ်ရွာ နှစ်ဧက စိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်း၊ ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ အထူးစိမ်းစိုက်ခင်းနှင့် ရေဝေရေလဲဒေသစိုက်ခင်းတည်ထောင်ခြင်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်အမြဲတမ်းပျိုးဥယျာဉ်အတွင်း သစ်မျိုး ၂၂ မျိုးဖြင့် ပျိုးပင် ၉၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သက်တမ်း နှစ်နှစ်အထက် နှစ်ပေအထက် ပျိုးပင်များ စဉ်ဆက်မပြတ်ရရှိရေး၊ သစ်ပင်စိုက်ပွဲတော်များနှင့် လူထုဖြန့်ဝေစိုက်ပျိုးရေးများအတွက် ပျိုးပင်များ လုံလောက်စွာ ပံ့ပိုးပေးနိုင်ရေးနှင့် သစ်ပင်စိုက်ပျိုးခြင်းကို မိုးအမီ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောက်-ငွေးချို ကားလမ်းဘေး ဝဲ၊ ယာ ၂၀၂၄ ခုနှစ် မိုးရာသီ တမာ၊ ယူကလစ် တစ်အုပ်တစ်မစိုက်ခင်း အပင် ၁၇၀၀ စိုက်ပျိုးထားမှု၊ ကားလမ်းဘေး ဝဲ၊ ယာ ပေ ၂၀ ပန္နက်ဖြင့် သုံးပင်တန်း (ဝက်ခေါင်းထိုးစနစ်-Zigzag) စိုက်ပျိုးထားမှု၊ ငွေးချို-ရေနံချောင်း ကားလမ်းမဘေး ဝဲ၊ ယာ ၂၀၂၄ ခုနှစ် မိုးရာသီ ဖျောက်ဆိပ်၊ တမာ၊ ယူကလစ် တစ်အုပ်တစ်မ စိုက်ခင်းများ စိုက်ပျိုးထားမှု၊ လမ်းဘေး ဝဲ၊ ယာ ပေ ၂၀ ပန္နက်ဖြင့် သုံးပင်တန်း စိုက်ပျိုးနေမှုနှင့် ရေနံချောင်းမြို့နယ်ရှိ မကွေး-ရေနံချောင်း ကားလမ်းဘေး ဝဲ၊ ယာ တမာ၊ ယူကလစ် အပင် ၂၀၀၀ ကိုသုံးပင်တန်းဖြင့် စိုက်ပျိုးထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေနံချောင်းမြို့နယ်ရှိ နတ်ကန်ဦး ကြိုးပြင်ကာကွယ်တောရှိ အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်း Greening Complex Zone ဧရိယာအတွင်း စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော စိုက်ခင်းများ၊ ရေနံချောင်းမြို့နယ် ယင်းမချောင်းကြိုးပြင်ကာကွယ်တော အတွင်းရှိ ၁/၂၀၂၄ ကျေးရွာထင်းစိုက်ခင်းဧက ၂၀၊ ၂၀၂၄ ခုနှစ် မိုးရာသီ အထူးစိမ်းတစ်အုပ်တစ်မစိုက်ခင်း အပင် ၃၀၀၀၊ ယင်းမချောင်းကျေးရွာ ၂၀၂၄ ခုနှစ်တစ်ရွာ နှစ်ဧက စိုက်ခင်း၊ အုတ်လှကျေးရွာ ၂၀၂၄ ခုနှစ် တစ်ရွာ နှစ်ဧက ဘက်စုံသုံးစိုက်ခင်း၊ မကွေးမြို့နယ်ရှိ မကွေး-ရေနံချောင်းကားလမ်းဘေး ဝဲ၊ယာ တမာ၊ ယူကလစ် အပင် ၁၅၀၀ ကို ပေ ၂၀ ပန္နက်ဖြင့် သုံးပင်တန်း စိုက်ပျိုးထားမှုနှင့် မကွေး-ကံပြား ကားလမ်းဘေး တမာ တစ်အုပ်တစ်မစိုက်ပျိုးထားမှု တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ မိုးရာသီတွင် အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း တစ်ရွာ နှစ်ဧက စိုက်ခင်းတည်ထောင်ခြင်း အပင်နှစ်သန်း၊ ကားလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးခြင်း အပင် ၂၆၅၀၀ နှင့် ရေဝေရေလဲ၊ ကျေးရွာထင်းစိုက်ခင်း၊ အထူးစိမ်းစိုက်ခင်းနှင့် တောင်တန်းစိုက်ခင်းအတွက် အပင် ငါးသန်း စုစုပေါင်း အပင် ခုနစ်သန်းကျော် စိုက်ပျိုးဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးထိန်လင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၁၆

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံ့လက်ရွေးစင် အဆင့်ထိရောက်ရှိအောင် မိမိဝါသနာပါသည့် အားကစားကို ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ကြိုးစားသွားရန် တိုက်တွန်းမှာကြားပြီး စဉ့်ကိုင်မြို့နယ် အားကစားကွင်း၊ ကျောက်ဆည်ခရိုင် အားကစားကွင်းနှင့် အားကစားရုံများကို လိုက်လံကြည့်ရှု စစ်ဆေးကာ ဝန်ထမ်းများ၏တင်ပြချက်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြစ်သားမြို့နယ်ရှိ ကူမဲမြို့ အားကစားကွင်း၊ ဝမ်းတွင်းမြို့ အားကစားကွင်း၊ အားကစားရုံနှင့် မိတ္ထီလာခရိုင် အားကစားကွင်းနှင့် အားကစားရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်သူများ ကိုယ်လက်လှုပ်ရှား လေ့ကျင့်မှုများ လာရောက်လေ့ကျင့်ကစားနိုင်စေရေး ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားမှုတို့ကို ဆက်တိုက်လုပ်ဆောင်သွားရန် မှာကြားသည်။

ဇွန် ၁၄ ရက်ကလည်း ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ခြောက်ထပ်ဈေးဆောက်လုပ်မည့် ပစ္စည်းများထားသိုသိမ်းဆည်းရန် နေရာနှင့် ချမ်းအေးသာစံမြို့နယ် ဗထူး အားကစားကွင်းရှိ အားကစားရုံနှင့် အားကစားကွင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၁၃ ရက် နံနက်ပိုင်းကလည်း မန္တလေးတောင်ခြေရှိရွှေမန်းတောင် အားကစားကွင်းနှင့် အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်းတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ရေရှည်တည်တံ့စေရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကြက်တောင် အားကစားခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မန္တလာသီရိ အားကစားကွင်းရှိ အားကစားကွင်း၊ အားကစားရုံများ၊ ဂေါက်လေ့ကျင့်ရေးကွင်းနှင့် အမျိုးသမီးဘောလုံးအကယ်ဒမီ ဖွင့်လှစ်နိုင်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မဟာအောင်မြေမြို့နယ် မဟာဗောဓိပင်ဘုရားတွင် မဟာသမယပွဲတော် ကျင်းပမည်

မန္တလေး ဇွန် ၁၆

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် မဟာဗောဓိပင်ဘုရားတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော "မဟာသမယပွဲတော်" ကျင်းပမည်ဖြစ်သည်။

ဇွန် ၂၀ရက် မွန်းလွဲ ၁ နာရီမှစတင်၍ မဟာဗောဓိပင် ပလ္လင်ဝိုင်းပေါ်သို့ သစ်သီးဆွမ်းတော်ပွဲများအား လာရောက်ပေးပို့ လှူဒါန်းကြပါရန်နှင့် နယုန်လပြည့်နေ့ ဇွန် ၂၁ ရက် နံနက် ၁၀ နာရီတွင် သံဃာတော်အပါး ၆၅ပါးတို့အား ဆွမ်း၊ ဘောဇဉ်၊ ချိုချဉ်အရသာတို့ဖြင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ နံနက် ၇ နာရီမှစတင်၍ ဆွမ်း၊ ဆွမ်းဟင်းများ လာရောက်ပို့ဆောင်ကြပါရန်နှင့် နယုန်လပြည့်နေ့ နံနက်(၉)နာရီတွင် သံဃာတော်အရှင်သူမြတ်တို့မှ မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော်မည်ဖြစ်ရာ ကြွရောက်ကြည်ညိုကြပါရန် မဟာဗောဓိပင်ဘုရား ပြုပြင်စောင့်ရှောက်ရေးဂေါပကအဖွဲ့က တိုက်တွန်း နှိုးဆော်ထားသည်။

(ဝ၄၅)

### ➤ ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တောမှ

ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တော အပိုင်း(၂)သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်း သစ်မျိုးများဖြစ်သည့် ဖျောက်ဆိတ်၊ ရင်းမာ၊ ထနောင်း၊ ရှား၊ ကျွန်းဖို၊ တမာ၊ ဒဟတ်စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ယုန်စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးအတွက် အထောက်အကူပြုခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှု တိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

* စာမျက်နှာ ၂၄ မှ

ပွဲချိန် ၂၉မိနစ်တွင်မူ နာသန်အကီ၏ ပံ့ပိုးပေးမှုမှတစ်ဆင့် ဂတ်ပိုက နယ်သာလန်အသင်းအတွက် ချေပဂိုး ပြန်လည်ရယူပေးနိုင်ခဲ့သည်။ နောက်ပိုင်းတွင် နယ်သာလန်အသင်းကသာ ပိုလန်ဘက်ကို ဖိအားပေး ကစားနိုင်ခဲ့သော်လည်း ဒီပိုင်း၏ ဖြုန်းတီးမှုများကြောင့် နယ်သာလန်တို့ ဂိုးရရှိရန် ခက်ခဲခဲ့သည်။ ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် ပိုလန်နှင့် နယ်သာလန်တို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် ပိုလန်အသင်းနှင့် နယ်သာလန်အသင်းတို့ တစ်ဖက်နှင့် တစ်ဖက် တိုက်စစ်ဆင် ကစားခဲ့ကြသည်။ ပိုလန်အသင်းက အသင်းလိုက်စုမှုအား ကောင်းကောင်းဖြင့် နယ်သာလန်အသင်းဘက်ကို ဂိုးပေါက် ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း အဆုံးသတ်မသေချာမှုများကြောင့် ဂိုးရရှိရန်ခက်ခဲနေခဲ့သည်။ နယ်သာလန်အသင်းကလည်း ပိုလန်အသင်းဘက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး နောက်ခံကစားသမားများနှင့် ဂိုးသမား ဆက်ဇ်နီ၏ အကောင်းဆုံးကာကွယ်မှုကြောင့် မိနစ် ၈၀ အထိ ဂိုးမရရှိခဲ့ပေ။ ပွဲချိန် ၈၁ မိနစ်တွင် နယ်သာလန်အသင်းက ဒီပိုင်းနှင့် ဝက်ဟော့စ်အား လဲလှယ်ခဲ့သည်။ ဆက်တိုက်ဆိုသလို ဝက်ဟော့စ်ဝင်ရောက်ပြီး ၂မိနစ်အကြာ ပွဲချိန် ၈၃မိနစ်တွင် နယ်သာလန်အသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သည်။ လက်ကျန်မိနစ်များတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိသောကြောင့် နယ်သာလန်အသင်းက ပိုလန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) ပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ၁၀နာရီ ၃၀မိနစ်အချိန်က ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့၊ စတုဂတ်ဘောလုံးကွင်းတွင် ဆလိုဗေးနီးယားအသင်းနှင့် ဒိန်းမတ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ယခုပွဲစဉ်တွင် နှစ်သင်းစလုံး ကစားသမားအင်အားအပြည့်ဖြင့် ပွဲထွက်လာခဲ့သည်။ ပထမပိုင်းပွဲစသည်နှင့် အတွေ့အကြုံရှိသည့် ဒိန်းမတ်အသင်းက ဆလိုဗေးနီးယားအသင်းဘက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၇မိနစ်တွင် ဂျိုးနက်စ်ဝင်း၏ ဖန်တီးပေးမှုမှတစ်ဆင့် အဲရစ်ဆင်က ဒိန်းမတ်အသင်းအတွက် ဦးဆောင်ဂိုးရယူပေးနိုင်ခဲ့သည်။ ဆလိုဗေးနီးယားအသင်းကလည်း ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းခဲ့သော်လည်း ကောင်းမွန်သော ဖန်တီးမှုများ ပြုလုပ်နိုင်ခြင်း မရှိခဲ့ပေ။ ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် ဒိန်းမတ်အသင်းက ဆလိုဗေးနီးယားအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်း ဒိန်းမတ်အသင်းနှင့် ဆလိုဗေးနီးယားအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် တိုက်စစ်ဆင်ကစားခဲ့ကြသည်။ ပွဲချိန်ကြာလာသည်နှင့်အမျှ ဆလိုဗေးနီးယားအသင်းက စုဖွဲ့မှုအားကောင်းကောင်းဖြင့် အတွေ့အကြုံရှိသည့် ဒိန်းမတ်အသင်းဘက်ကို ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၇ မိနစ်တွင် ဂျန်ဇက်က ချေပဂိုးပြန်လည် ရယူပေးနိုင်ခဲ့သည်။ နောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရှိရေး ကြိုးပမ်းခဲ့ကြသော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် ဒိန်းမတ်အသင်းနှင့် ဆလိုဗေးနီးယားအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

(NGB)

ဝ-ဝ-ဝ-ဝ-ဝ




အဲရစ်ဆင် ဒိန်းမတ်အသင်းအတွက် ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေစဉ်။

## လူငယ်စကားဝိုင်း ကျင်းပ

ကျိုင်းတုံ ဇွန် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်က အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ကျောင်းသား၊ကျောင်းသူ လူငယ်များအချင်းချင်း အသိပညာဗဟုသုတများ ဖလှယ်ကြရာမှ အတွေ့အကြုံအသစ်များ ရရှိစေရန် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

လူငယ်စကားဝိုင်းတွင် ကျိုင်းတုံခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစည်သူထွန်းလင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက လူငယ်နှင့် တာဝန်သိမှု၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် စာရိတ္တစသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြရာ လူငယ်စကားဝိုင်း တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စကားဝိုင်းအတွင်း အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။


ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (အကြို) အသိပညာပေး နံရံကပ်စာစောင်များ ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ

# သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်မည့် အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ

**သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးသီးဖြင့်ပစ်ခတ်မည့် အကြမ်းဖက်သမားများ ဖမ်းဆီးရမိမှု အခြေပြဇယား**




နေပြည်တော် ဇွန် ၁၆

တရားမျှတမှုကို လိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်များနှင့် ပူးပေါင်းပါဝင်မှုများကြောင့် ဇွန် ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ် အပြစ်မဲ့ ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ကြံစည်ခဲ့သည့် အကြမ်းဖက်သမားများဖြစ်သည့် **ချိုကြီး(ခ)ဟိန်းထက်အောင်** အပါအဝင် တရားခံ ကျား ရှစ်ဦး၊ မ တစ်ဦး ပေါင်း ကိုးဦးတို့အား ၁၀၇ မမရှော့တိုက်ဒုံး သုံးလုံး၊ ဖျူးစ် သုံးခု၊ လက်ပစ်ဗုံး နှစ်လုံး၊ ဘက်ထရီအိုး နှစ်လုံး၊ ဝိုင်ယာကြိုးခွေ လေးခွေ၊ အခြားဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည့်သတင်းကို ဇွန် ၁၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဖမ်းဆီးရမိတရားခံ **ချိုကြီး(ခ)ဟိန်းထက်အောင်**၏ ထွက်ဆိုချက်အရ ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက် လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော Dark Shadow အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **မျိုးသိန်းထွန်း**(၃၄)နှစ်အား FGC-9 သေနတ် တစ်လက်၊ ကျည်အိမ် တစ်ခုတို့နှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် တိရစ္ဆာန်ဥယျာဉ် ဝန်ထမ်းအိမ်ရာ ပျိုးခြံလိုင်း အခန်းအမှတ်(၁၃)တွင် လည်းကောင်း၊ **ဇော်ကြီး(ခ)ကိုထက်** (၃၀)နှစ်အား လက်လုပ်မိုင်း တစ်လုံး၊ တရုတ်လက်ပစ်ဗုံး တစ်လုံး၊ ရီမု တစ်ခုတို့နှင့်အတူ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ပိတောက်လမ်း အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာ နီလာအဆောင် အခန်းအမှတ်(B-7)တွင် လည်းကောင်း၊ **ရဲဇော်ထွန်း(ခ)ဖီးနစ်**(၃၄)နှစ်အား ပွိုင့်-၃၈ ကျည် ၂၉ တောင့်၊ လက်လုပ်မိုင်း ငါးလုံး၊ လက်လုပ်ရှူပစ်ဗုံး တစ်လုံး၊ Keypad ဖုန်း လေးလုံး၊ ဓာတ်ခဲ ကိုးလုံး၊ ပုလဲဓာတ်မြေဩဇာ တစ်ထုပ်တို့နှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် တိရစ္ဆာန်ဥယျာဉ် ဝန်ထမ်းအိမ်ရာ သီဟလိုင်း အခန်းအမှတ်(၄)တွင် လည်းကောင်း၊ **ရှိန်းမြင့်မိုရ်အောင်(ခ)ကိုရှိန်း**(၂၁)နှစ်အား လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာ တိုက်(၄၅) အခန်း(၁၀၃)တွင် လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ချိုကြီး(ခ) ဟိန်းထက်အောင်၊ ရဲဇော်ထွန်း(ခ) ဖီးနစ်၊ ဇော်ကြီး(ခ)ကိုထက်နှင့် ရှိန်းမြင့်မိုရ်အောင်(ခ)ကိုရှိန်း**တို့သည် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် လူမှုကွန်ရက်၌ ရင်းနှီးခဲ့သူ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ဖြူနှင်းအေး(ခ) မီးအိမ်ရှင်**၏ စည်းရုံးမှုဖြင့် KNLA တပ်မဟာ(၆) လှုပ်ရှားနယ်မြေ လေးကေ့ကော်မြို့သစ် အနီး၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လ တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်စဉ် အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော NUG မှ **တရားခံပြေး ရည်မွန်** ဦးဆောင်ပြုလုပ်သည့် Online Meeting တွင် ပါဝင်တက်ရောက်ခဲ့ကာ **တရားခံပြေး ရည်မွန်** က အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း ဆင်းပြီးပါက ရန်ကုန်မြို့အတွင်းသို့ လျှို့ဝှက်စွာ ပြန်လည်ဝင်ရောက်၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်စေခိုင်းခဲ့ပြီး လိုအပ်သည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေး ပစ္စည်းများအား ချိတ်ဆက်ပို့ဆောင်ပေးမည်ဟု ပြောကြားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ **ချိုကြီး(ခ)ဟိန်းထက်အောင်၊ ရဲဇော်ထွန်း(ခ)ဖီးနစ်၊ ဇော်ကြီး(ခ)ကိုထက်နှင့် ရှိန်းမြင့်မိုရ်အောင်(ခ)ကိုရှိန်း** တို့သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံ **ချမ်းငြိမ်းသူ(ခ) ပန်ဒါလေး** ခေါင်းဆောင်သည့် Dark Shadow အမည်ခံ **စာမျက်နှာ ၁၈ သို့ »»**

**သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို အကြမ်းဖက်သမားများက ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ရန် စီစဉ်ဆောင်ရွက်ခဲ့မှု အခြေအနေ**



**၂၀၂၄ ခုနှစ် ဇွန် ၈ ရက် နံနက်ပိုင်းတွင် သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးသီးဖြင့်ပစ်ခတ်မည့် အကြမ်းဖက်သမား ကိုးဦးအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား**



စိန်ကြီး(ခ)အောင်ထွေး(၂၆)နှစ် | ချိုကြီး(ခ)ဟိန်းထက်အောင်(၁၈)နှစ် | မင်းသူ(၃၀)နှစ်

မောင်ဟိန်း (၂၄)နှစ် | အောင်သူရထွန်း(၂၅)နှစ် | ပြည့်ဖြိုးဇော်(၁၈)နှစ်

ထက်အာကာလင်း(၂၆)နှစ် | စနည်အောင်(ခ)ကိုစာ (၃၂)နှစ် | ချစ်ကေခိုင်(၃၈)နှစ်

**သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ၂၀၂၄ ခုနှစ် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ထပ်မံဖမ်းဆီးရမိမှု အခြေပြဇယား**



မျိုးသိန်းထွန်း (၃၄)နှစ်

ဇော်ကြီး(ခ)ကိုထက် (၃၀)နှစ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Song Zuer က တက္ကသိုလ်ဝင်ခွင့်ကို တစ်နိုင်ငံလုံး တတိယအဆင့်နှင့် အောင်မြင်ခဲ့



တရုတ်အနုပညာရှင် Song Zuer သည် တက္ကသိုလ်ဝင်ခွင့်ကို တစ်နိုင်ငံလုံးတတိယအဆင့်နှင့် အောင်မြင်ခဲ့သူဖြစ်ပြီး ပထမအဆင့်နှင့် အောင်ခဲ့သည့် အနုပညာမောင်နှမ Wu Lei ကို အိမ်စာပြီးရန် အမြဲသတိပေးခဲ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပညာအရည်အချင်းမြင့်မားသော Wu Lei က ပထမအဆင့်၊ Song Zuer က တတိယအဆင့်နှင့် အောင်မြင်ခဲ့ကြပြီး အနုပညာလောကတွင် ငယ်သူငယ်ချင်းများအဖြစ် မြင်တွေ့ခဲ့ကြရာ Wu Lei ကို အိမ်စာပြီးရန် အမြဲသတိပေးခဲ့ရသူဖြစ်သည်။

သူတို့နှစ်ဦး 1st Tier Men's Magazine, Esquire Award တွင် ဆုံကြပြီး Wu Lei က Quality Artist of The Year ဆု ရရှိခဲ့ရာ ပွဲတက်လာကြသော ပရိသတ်နှင့် မီဒီယာများရှေ့တွင် Song Zuer က အိမ်စာပြီးရန် သတိပေးဖို့ မလိုတော့ဟု ပြောကြားခဲ့၍ ပရိသတ် နှစ်သက်သဘောကျနေကြသည်။

(SKY)

## မင်းသမီးကြီး Jung Young Joo V ၏ အမာခံပရိသတ်ဖြစ်

နာမည်ကြီး Lovely Runner ရုပ်ရှင်မှ အမျိုးသမီးသရုပ်ဆောင် မင်းသမီးကြီး Jung Young Joo က V ခေါ် Kim Taehyung ၏ အမာခံပရိသတ်ဖြစ်ပြီး အင်တာဗျူးတစ်ခုတွင် V အကြောင်း ပြောကြားသွားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အင်တာဗျူးတွင်



မင်းသမီးကြီး Jung Young Joo ကို ယောက္ခမဖြစ်လာခြင်း ခံစားချက်ကို မေးခဲ့ရာမှ ရုပ်ရှင်ထဲတွင် သရုပ်ဆောင်က အဆိုတော်ဖြစ်နေပြီး သစ်သီးခြင်းပေး၍ အမေဟု ခေါ်လိုက်ချိန်တွင် သူကြိုက်နှစ်သက်သည့် BTS အဖွဲ့ဝင် RM သို့မဟုတ် V ခေါ် Kim Taehyung ရောက်ရှိလာသလို ခံစားလိုက်ရ၍ နှစ်ခြိုက်ခဲ့ရသည်ဟု ဆိုသည်။

ရုပ်ရှင်ထဲတွင် နာမည်ကြီးလူတိုင်းချစ်ရသည့် အဆိုတော်၏ ယောက္ခမဖြစ်လာ၍ အပြင်လောကတွင်လည်း V ခေါ် Kim Taehyung ၏ ယောက္ခမဖြစ်ရသည်ဟုထင်မိ၍ အတိုင်းမသိ ပျော်ရွှင်စွာခံစားခဲ့ရသည်ဟု ပြောကြားသွားခဲ့သည်။

(SKY)

## Jung Ho Seok@J Hope သင်တန်းတွင် ဆုရရှိ

BTS အဖွဲ့ဝင် J Hope ခေါ် Jung Ho Seok သည် သင်တန်းပြိုင်ပွဲတွင် သူပါဝင်သည့်အဖွဲ့က Grand Prize ဆုရရှိခဲ့သဖြင့် ပရိသတ် ဂုဏ်ယူမဆုံးဖြစ်နေကြသည်။

BTS အဖွဲ့တွင် အကခေါင်းဆောင်တာဝန်နှင့် သင်တန်းသားဘဝတွင်လည်း ခေါင်းဆောင်ဖြစ်ခဲ့သော Jung Ho Seok ခေါ် J Hope သည် အပြုံးချိုချိုနှင့် တာဝန်ကျေပွန်သူတစ်ဦးဖြစ်ခဲ့သည့်အပြင် ပြိုင်ပွဲတွင်ပါ ဆုဆွတ်ခူးရရှိခဲ့သည်။

သင်တန်းသားဘဝ စတင်ခံယူစဉ်ကပင် အမျိုးမျိုးသော ဂုဏ်ယူစရာများရအောင် လုပ်ပေးခဲ့ကာ အားလပ်ချိန်လေးအတွင်း Hope On The Street တစ်ကိုယ်တော်အယ်လ်ဘမ်နှင့် ကမ္ဘာတစ်ဝန်း ပရိသတ်ကို ဖမ်းစားနိုင်ခဲ့ပြီး လက်ရှိ ကိုရီးယားစစ်ပွဲအောက်မေ့ဖွယ်အခမ်းအနားတွင် Jung Ho Seok ဦးဆောင်သည့်အဖွဲ့က Grand Prize ဆု ဆွတ်ခူးရရှိခဲ့၍ ဂုဏ်ဆောင်နိုင်ခဲ့သည်။

(SKY)



## Jet Li ကို ၂၁ ရာစု၏ ဩဇာအကြီးဆုံး သရုပ်ဆောင်ဟု သတ်မှတ်မှုနောက်ကွယ်မှ အကြောင်းရင်း

အာရှ၏သရုပ်ဆောင်ဘုရင် Jet Li ကို ၂၁ ရာစု၏ ဩဇာအကြီးဆုံးသရုပ်ဆောင်ဟု သတ်မှတ်ထားကြပြီး ကျူးကျော်ရုပ်ကွက်မှ ရတနာဟုလည်း တင်စားထားကြကာ နောက်ကွယ်မှ အကြောင်းရင်းထွက်ပေါ်လာသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


၁၉၆၃ခုနှစ် ဧပြီလ ၂၆ ရက်ဖွား Jet Li ကို မိသားစု စားဝတ်နေရေးကျပ်တည်းချိန် တရုတ်နိုင်ငံ ပေကျင်းမြို့စွန်ရှိ ကျူးကျော်ရပ်ကွက်တွင် မွေးဖွားခဲ့ပြီး ဖခင်မှာ ကုန်ထမ်းသမားဖြစ်ကာ မိခင်က သားသမီးငါးဦးနှင့် အကြွေးဝိုင်းနေပြီး Jet Li နှစ်နှစ်သားတွင် ဖခင်ကွယ်လွန်ခဲ့သည်။



ဖခင်ကို မမှတ်မိသော်လည်း ဖခင်ခေတ်ပုံက ဒုတိယဘုရားဖြစ်ခဲ့ကာ ခြောက်နှစ်တွင် ကျောင်းတက်ချင်၍ ပူဆာရာမှ မိခင်မျက်ရည်ကြောင့် တောက်တိုမယ်ရလုပ်ရင်း ဘဝကို ဖြတ်သန်းခဲ့ပြီး မိခင်ဖတ်ပြသောစာများနှင့် ဟာသဉာဏ်ရွှင်ခဲ့ရကာ အပြုံးတစ်ခုနှင့် ရင်ဆိုင်ကျော်ဖြတ်ခဲ့သူ ဘုန်းတော်ကြီးကျောင်းတက်၍ သိုင်းသင်ခဲ့ကာ ပြိုင်ပွဲများမှတစ်ဆင့် ဆုရရှိပြီး Jackie Chan ကို အားကျခဲ့ကာ ဆရာတော်နှင့် မိခင်အတွက် စာချန်ပြီး ဟောင်ကောင်မြို့သို့ ရောက်လာခဲ့သည်။

အသက်(၁၇)နှစ်နှင့် ဗီဒီယိုနှစ်ကား The Shaolin Temple နှင့် ရုပ်ရှင်ရိုက်ပြီး ဆုရရှိချိန် အသက် ၁၉ နှစ်နှင့် မိခင်ကို ပေးခဲ့ကာ ဟာသမင်းသားဖြစ်ချင်သော်လည်း ကျရာဇာတ်ရုပ်ကို သရုပ်ဆောင်ခဲ့ပြီး Hit Man နှင့် ဟောလီဝုဒ်က ကမ်းလှမ်းခံရပြီး Jackie Chan နှင့်အတူ သရုပ်ဆောင်ခွင့်ရကာ သိုင်းကားသာမက ဒရမ်မာကား၊ အက်ရှင်ကားများအထိပါ ရိုက်ကူး၍ အာရှ၏ သရုပ်ဆောင်ဘုရင်ဖြစ်လာခဲ့သည်။

(SKY)



## ရာသီဥတုပူပြင်းမှုကြောင့် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ ပိုဆိုးလာနိုင်

ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းလေးပါးကြောင့် လူတို့ရောဂါဘယအမျိုးမျိုး ခံစားနေကြရကြောင်း တိုင်းရင်းဆေးသမားတော်များနှင့် ဆရာဝန်များ လက်ခံထားကြသည်။

ကမ္ဘာ့ဆေးသိပ္ပံပညာ၏ ဖခင်ကြီးဖြစ်သူ ဟစ်ပိုကရေးတီး ကိုယ်တိုင်သည်ပင်လျှင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကတည်းက ရာသီဥတုနှင့် ဆေးပညာအကြားတွင် ဆက်နွယ်ပတ်သက်နေသည်ဟု မိန့်ဆိုခဲ့ဖူးသည်။

အမေရိကန် နယူးယော့ခ်ပြည်နယ် အိုင်ကန်ဆေးကျောင်းမှ ဆေးပညာဌာန လက်ထောက်ပါမောက္ခ ဖရက်ကိုဟင် ပူးတွဲဦးဆောင်သော သုတေသီများသည် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာရှင် ၆၆၀ ဦးကို မကြာသေးမီက လေ့လာခဲ့ရာ ရာသီဥတုပူပြင်းမှုကြောင့် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ ပိုဆိုးလာနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

(SCI)

## BTS မှ Jin @ Kim Seok Jin က သင်တန်းဆင်းပြီး ပရိသတ်တွေ့ဆုံပွဲ ပြုလုပ်



BTS အဖွဲ့ဝင် Jin ခေါ် Kim Seok Jin သည် အစောဆုံး သင်တန်းတက်၍ ဆင်းလာခဲ့ပြီး 2024 BTS Festa အထိမ်းအမှတ်အနေနှင့် ပရိသတ်တွေ့ဆုံပွဲ ကျင်းပမည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အထိမ်းအမှတ်အနေနှင့် တစ်ဖွဲ့လုံးကိုယ်စား ပရိသတ်တွေ့ဆုံပွဲ ကျင်းပပြီး အနုပညာလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်မည်ဟု Big Hit က တရားဝင် ထုတ်ပြန်ကြေညာထားသည်။

Jin ဦးဆောင်ကျင်းပမည့် ယင်းပွဲတွင် V ခေါ် Kim Taehyung ၏ Compose Coffee ကြော်ငြာလည်း ပါဝင်ခဲ့၍ ပရိသတ် စိတ်ဝင်စားနေကြကာ လက်ရှိ နှစ်ဦးစလုံး ပရိသတ်အားပေးမှုမြင့်မားနေသည်။

(SKY)

## Wang Yibo က ပြင်သစ်နိုင်ငံ တင်းနစ်ပွဲတွင် တင်းနစ်ချန်ပီယံ Gustavo Kuerten နှင့်တွေ့ဆုံခဲ့



တရုတ်အနုပညာရှင် Wang Yibo သည် Locaste ၏ ဖိတ်ကြားမှုနှင့် Roland Garros, French Open 2024 Semi Final ပွဲကို တက်ရောက်ခဲ့ပြီး ဘရာဇီးလူမျိုး တင်းနစ်ချန်ပီယံ Gustavo Kuerten နှင့် တွေ့ဆုံခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတော်သို့ ဖိတ်ကြားခြင်းခံရသော Wang Yibo သည် အနုပညာလုပ်ငန်းများတွင်သာမက အားကစားပညာကိုလည်း လိုက်စားခဲ့ရာ ကားပြိုင်ပွဲ၊ ဆိုင်ကယ်ပြိုင်ပွဲမှသည် စကိတ်စီး၊ တင်းနစ်ရိုက်အထိ သင်ကြားတတ်မြောက်ထားသူဖြစ်သည်။

ပွဲတော်တွင် ဘရာဇီးလူမျိုး ကမ္ဘာ့နံပါတ်တစ် တင်းနစ်ချန်ပီယံ Gustavo Kuerten နှင့်အတူ ရင်းနှီးပြုံးရွှင်စွာ တွဲ၍ တွေ့ရပုံကို Paris Video Star Media က ဖော်ပြထားသည်။

Wang Yibo က တစ်ဖက်သားအပေါ် ရိုသေလေးစားပြီး ယဉ်ကျေးပျူငှာစွာ ပြုံးချိုနေသော ပုံရိပ်များကို CCTV 5 တွင် ဖော်ပြထား၍ ကမ္ဘာ့ပရိသတ် အားပေးထားကြသည်။

(SKY)

# ပါလက်စတိုင်းကလေးသူငယ်ပေါင်း ၅၀၀၀၀ ကျော် ဂါဇာကမ်းမြောင်ဒေသ၌ အာဟာရပြတ်လပ်နေကြ



**ဂါဇာစီးတီး ဇွန် ၁၆**

ပါလက်စတိုင်း ကလေးသူငယ်ပေါင်း ၅၀၀၀၀ ကျော် ဂါဇာကမ်းမြောင်ဒေသ၌ အာဟာရပြတ်လပ်နေကြသည်ဟု ပါလက်စတိုင်းဒုက္ခသည်များထောက်ပံ့ရေးအဖွဲ့က ဇွန် ၁၅ ရက်တွင် အတည်ပြုကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

စားနပ်ရိက္ခာ အထူးလိုအပ်နေသော ပါလက်စတိုင်းအရပ်သားများရှိရာသို့ ယာဉ်တန်းများရောက်ရှိရန် ပိတ်ဆို့စစ်ဆေးမှုများက အလွန်ကြန့်ကြာစေကြောင်း ပါလက်စတိုင်းဒုက္ခသည်များထောက်ပံ့ရေးအဖွဲ့မှ တာဝန်ရှိသူက ရှင်းပြသည်။

နယ်စပ်ဂိတ်အသီးသီးက စစ်ဆေးပြီး ဝင်ခွင့်ပြုလိုက်သော စားနပ်ရိက္ခာထောက်ပံ့ရေးယာဉ်တန်းများကို လမ်းတွင် အစ္စရေးအမျိုးသားရေးအစွန်းရောက်များက ပိတ်ဆို့နှောင့်ယှက်နေကြဆဲဟုဆိုသည်။

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသကို သိမ်းပိုက်ထားခြင်းဖြစ်ရာ အဆိုပါ စားနပ်ရိက္ခာယာဉ်တန်းများ ဖြတ်သန်းသွားလာရေးနှင့် ပတ်သက်၍လည်း အစ္စရေးက တာဝန်ယူသင့်ကြောင်း ပါလက်စတိုင်းဒုက္ခသည်များထောက်ပံ့ရေးအဖွဲ့ အကြီးအကဲက ထောက်ပြ ဝေဖန်သည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ကိုရီးယားနှစ်နိုင်ငံစစ်ကင်းမဲ့နယ်နိမိတ်အတွင်း၌ မြောက်ကိုရီးယားဘက်က လမ်းများဖောက်လုပ်နေ

**ဆိုးလ် ဇွန် ၁၆**

တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြားရှိ စစ်ကင်းမဲ့နယ်နိမိတ်အတွင်း၌ မြောက်ကိုရီးယားဘက်က လမ်းများဖောက်လုပ်နေသည်ဟု တောင်ကိုရီးယားဘက်က ထောက်လှမ်းတွေ့ရှိထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စစ်ကင်းမဲ့နယ်နိမိတ်၏ မြောက်ဘက်အစွန်ဆုံးမျဉ်းနှင့် စစ်ကင်းမဲ့နယ်နိမိတ်မျဉ်းအကြားကွက်လပ်တွင် မြောက်ကိုရီးယားစစ်သည်များက တိုင်များစိုက်ထူ၊ မြေကြီးများတူးဆွပြီး လမ်းများဖောက်လုပ်နေခြင်းဖြစ်သည်။

မည်သည့်ရည်ရွယ်ချက်အတွက် ထိုသို့လုပ်ဆောင်နေသည်ကို ကောင်းစွာမသိရသေးသဖြင့် တောင်ကိုရီးယားစစ်ဘက်ထောက်လှမ်းရေးက အနီးကပ်ဆက်လက်စောင့်ကြည့်ထောက်လှမ်းလျက်ရှိကြောင်း သိရသည်။

**Mon**



## ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ရာဖာမြို့တွင် အစ္စရေးတပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခံရ၊ ၈ ဦး ကျဆုံး

**ဂျေရုဆလင် ဇွန် ၁၆**

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ရာဖာမြို့တွင် ဇွန် ၁၅ ရက်က အစ္စရေးတပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခံရပြီး ၈ ဦး ကျဆုံးခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ထိုမြို့ထဲရှိ တာလတ်စ်စူလ်တန်ရပ်ကွက်တစ်နေရာ၌ အစ္စရေးတပ်ဖွဲ့ဝင်များ စစ်ကားများဖြင့် ကင်းလှည့်နေစဉ် ဟားမတ်စ်တို့က ချုံခိုတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

ရာဖာမြို့အနောက်ပိုင်းရှိ ထိုရပ်ကွက်ထဲ၌ ရန်သူစစ်သည်များ၏ ဘူလ်ဒိုဇာကားများနှင့် အခြားစစ်ယာဉ်များကို မိမိတို့ဘက်က ယတ်ဆင် ၁၀၅ အာပီဂျီများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဟားမတ်စ်တို့က သတင်းထုတ်ပြန်သည်။

ဂါဇာစစ်ပွဲကာလတွင် လအနည်းငယ်အတွင်း အစ္စရေးဘက်က အကျအဆုံးအများဆုံးကြုံတွေ့ခဲ့ရသော ချုံခိုတိုက်ခိုက်ခံရမှုဖြစ်သည်။ ထိုစစ်ပွဲ၌ အစ္စရေးဘက်က စစ်သည် ၃၀၇ ဦး ကျဆုံးကာ ထောင်နှင့်ချီ၍ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**Mon**

## အာဒလေးမြို့ တိရစ္ဆာန်ရုံမှ ပန်ဒါမောင်နှံ တရုတ်နိုင်ငံသို့ ပြန်ရတော့မည်ဟုဆို

**ကင်ဘာရာ ဇွန် ၁၆**

ဩစတြေးလျနိုင်ငံ အာဒလေးမြို့ တိရစ္ဆာန်ရုံမှ ဝမ်ဝမ်နှင့် ဖူနီဟု အမည်ရသော ပန်ဒါမောင်နှံ တရုတ်နိုင်ငံသို့ ပြန်ရတော့မည်ဟု ထိုတိရစ္ဆာန်ရုံက သတင်းထုတ်ပြန်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၀၉ ခုနှစ်ကတည်းက တရုတ်နိုင်ငံမှ ပေးပို့ထားခဲ့သော အဆိုပါ ပန်ဒါမောင်နှံ ဩစတြေးလျ၌ သားပေါက်မည်ဟု မျှော်လင့်ခဲ့ကြသည်။

ထိုပန်ဒါနှစ်ကောင် ယခုနှစ်မကုန်မီ ဌာနေပြန်ရတော့မည်ဖြစ်သည်ဟု ဩစတြေးလျနိုင်ငံရောက် တရုတ်ဝန်ကြီးချုပ် လီချိုင်း အတည်ပြုပြောဆိုခဲ့ကြောင်း သိရသည်။

**Mon**



## မီချီဂန်ပြည်နယ် ရိုချက်စတာဟေးလ်စ်မြို့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား လူ ၉ ဦး ဒဏ်ရာရရှိ

**ဝါရှင်တန် ဇွန် ၁၆**

အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ် ရိုချက်စတာဟေးလ်စ်မြို့တွင် ဇွန် ၁၅ ရက် ညနေပိုင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လူ ၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ထိုမြို့ဆင်ခြေဖုံးရပ်ကွက်အတွင်းရှိ ရေကစားအပန်းဖြေစခန်းထဲသို့ ညနေ ၅ နာရီခန့်တွင် အသက် ၄၂ နှစ်အရွယ် သေနတ်သမားအမျိုးသား ဝင်ရောက်လာပြီး ၉-မမ မောင်းပြန်ပစ္စတိုသေနတ်ဖြင့် အချက် ၃၀ ခန့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ယင်းသေနတ်ပစ်ခတ်မှုတွင် ဒဏ်ရာရခဲ့သူများအနက် အသက် ၈ နှစ်အရွယ်ကလေးငယ်တစ်ဦးနှင့် ၎င်း၏မိခင် အသက်အန္တရာယ် စိုးရိမ်ရဖွယ်ရှိကြောင်း သိရသည်။

**Mon**






ဆော်ဒီအာရေးဗျနိုင်ငံ မက္ကာမြို့အနီး အာရာဖတ်လွင်ပြင်ထဲရှိ ကရုဏာတောင်ပေါ်သို့ ဟဂျ်ဘုရားဖူးများ တက်ရောက်နေကြစဉ်။ **Mon**

## ထောက်ပံ့ရေးယာဉ်တန်းများ တိုးမြှင့်ဝင်ရောက်နိုင်ရန် အစ္စရေး စစ်ရေးဆောင်ရွက်မှု နေ့စဉ်ရပ်တန့်ပေးမည်

**ဂျေရုဆလင် ဇွန် ၁၆**

လူသားချင်းစာနာထောက်ပံ့ရေးယာဉ်တန်းများ ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ တိုးမြှင့်ဝင်ရောက်နိုင်ရန် မိမိတို့ဘက်က စစ်ရေးဆောင်ရွက်မှု နေ့စဉ်ရပ်တန့်ပေးမည်ဟု အစ္စရေးစစ်တပ်က ဇွန် ၁၅ ရက်တွင် အတည်ပြုကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇွန် ၁၅ ရက်က စတင်အကျိုးသက်ရောက်စေခဲ့သော ထိုကြေညာချက်အရ ကေရင်မ်ရှလွမ်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသော ရိက္ခာယာဉ်တန်းများအတွက် အစ္စရေးစစ်ဆင်ရေးကို ယာယီရပ်တန့်ပေးခဲ့သည်။

ထိုယာဉ်တန်းများအတွက် မိမိတို့ဘက်က ဖြေလျှော့ပေးနိုင်ရန် သက်ဆိုင်ရာကုလသမဂ္ဂအပါအဝင် အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် မိမိတို့ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း အစ္စရေးစစ်တပ်က ဇွန် ၁၆ ရက်တွင် ထပ်မံကြေညာချက်ထုတ်ပြန်သည်။

ဂါဇာကမ်းမြောင်တွင် ပါလက်စတိုင်းတို့ ငတ်မွတ်ခေါင်းပါးမည့် အခြေအနေများ ကြုံတွေ့နေရပြီဟု ကုလသမဂ္ဂ လက်အောက်ခံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် တေဒရော့စ်အဒါနမ်ဂေဘရေယေဆပ် ထောက်ပြပြောဆိုခဲ့ပြီးနောက် အစ္စရေးဘက်က စတင်ဖြေလျှော့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကျိုင်းတုံ ဇွန် ၁၆**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို)မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုင်းတုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) အဖွဲ့ဝင် ဦးစိုင်းပန်းလှတို့က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်ဆုံးရှုံးမှုများအကြောင်း၊ မူးယစ်ဆေးဝါးပြစ်မှုများ ကျူးလွန်ပါက ချမှတ်ခြင်းခံရမည့် ပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သိရှိလိုက်နာသင့်သည့်အချက်များ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ အကြောင်းအရာများနှင့် စာဖတ်ရှုမြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်းသိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်း Pre Painted Galvanized Iron Sheet In Coil (၁၀၈၃၁၅)ကီလိုဂရမ်၊ Castrol အင်ဂျင်ဝိုင်(၄၇၅၂)ကီလိုဂရမ်ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ၇၀၅၆ ဂါလန်ကိုလည်းကောင်း၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၃၅၀ က ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့နယ်၊ ဟိုပိတ်ကျေးရွာအုပ်စု၊ ဟိုပိတ်ဈေးအရှေ့၌ မော်တော်ယာဉ် ၁၁ စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Parts of Bridge Crane သံဘောင်ကီလိုဂရမ် ၉၇,၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Howo Tractor Head ခုနစ်စီး၊ JAC Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီး၊ Scania Tractor Head တစ်စီး၊ Foton Tractor Head တစ်စီးနှင့်နောက်တွဲယာဉ် ၁၁ တွဲကိုလည်းကောင်း၊ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Wifi Router လုံး ၅၀ ၊ Dell Laptop လုံး ၂၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ငရုတ်ပွဲရုံတွင် ငရုတ်အိတ်များအား အအေးမပေးဘဲထားရာမှ အောင်းပူဖြစ်ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွား

**မိတ္ထီလာ ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ မြေတိုင်ကန်ကျေးရွာရှိ ငရုတ်ပွဲရုံတွင် အအေးပေးခန်းအတွင်း၌ သိုလှောင်ထားသော ငရုတ်သီးအိတ်များအား အအေးမပေးဘဲထားရာမှ အောင်းပူဖြစ်ပြီး မီးလောင်ကျွမ်းမှု ဇွန် ၁၅ ရက် ည ၁၀ နာရီခန့်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ဝမ်းတွင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သုံးဦးသည် မီးငြိမ်းသတ်ယာဉ် ၂ စီး၊ မီးသတ်ရေသယ်ယာဉ် ၂ စီးဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ကြပြီး ပေ(၈၀×၄၀) အအေးပေးခန်းနှင့် ငရုတ်သီးအိတ် ၆ ပိဿာဆံ့၊ အိတ် ၃၀ ခန့် မီးလောင်ခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ငရုတ်သီးပွဲရုံမန်နေဂျာအား ဝမ်းတွင်းမြို့နယ်ရဲစခန်းတွင် ဥပဒေအရ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၇)**

၀-၀-၀-၀-၀

## ဆိုင်ကယ်စီးလာသူထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ဝိုင်းမော် ဇွန် ၁၆**

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ ဗလမင်းထင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဆိုင်ကယ်စီးလာသူအား စစ်ဆေးရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၁၃ ရက် ည ၆ နာရီ ၆၅ မိနစ်က မြစ်ကြီးနားမြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၂)မှ ရဲအုပ်ဇော်လင်းအောင် ဦးဆောင်သည့်အဖွဲ့မှ အသိသက်သေများနှင့် ပူးပေါင်းကာ မူးယစ်ဆေးဝါးသတင်းအရ ဝိုင်းမော်မြို့နယ်၊ ဗလမင်းထင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်ဆေးရှာဖွေနေစဉ် ဝိုင်းမော်မြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ အင်ခွန်ဆင်ဝါးဆိုသူ မောင်းနှင်လာသော KENBO 125 အမျိုးအစား ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်း၏ ခန္ဓာကိုယ်တွင် စလွယ်သိုင်းလွယ်ထားသော Black တံဆိပ်ပါ လွယ်ကြိုးတပ် ဇစ်ဆွဲလွယ်အိတ်အနက်ရောင်အတွင်းမှ အဖြူရောင်ကြွပ်ကြွပ်အိတ်အတွင်း ပန်းသီးတံဆိပ်ပါ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်ထားသည့် တံဆိပ်မပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ နှစ်ထုပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ အား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်ကြောင့် မူးယစ်ဆေးဝါးနှင့် လက်ဝယ်တွေ့သူ အင်ခွန်ဆင်ဝါး(၄၆)နှစ်ဆိုသူအား ဝိုင်းမော်မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(၄၄၄)**

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွား

**နေပြည်တော် ဇွန် ၁၆**

ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် ၃၃၄/၇ နှင့် ၃၃၅ကြားတွင် ဇွန် ၁၅ ရက် နံနက် ၄ နာရီ ၄၅ မိနစ်ခန့်က ဟီးနိုးအမျိုးအစား ခရီးသည်တင်ယာဉ်အား လားရာတူမောင်းနှင်လာသော Scania အမျိုးအစား အနီရောင်ခရီးသည်တင်ယာဉ်က နောက်မှ ဝင်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် စကားအင်းအမြန်လမ်းမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက သွားရောက်ကူညီရာ ဟီးနိုးယာဉ်ပေါ်မှ ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာ(စိုးရိမ်ရ)နှင့် ကျန်အမျိုးသားသုံးဦး(မစိုးရိမ်ရ)တို့အား လူနာတင်ယာဉ်ဖြင့် တံတားဦးဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ **(ယာပုံ)**

အလားတူ ဇွန် ၁၃ ရက် နံနက် ၃ နာရီ မိနစ် ၄၀ ခန့်က ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၆၅/၃-၄)အနီးတွင် နေပြည်တော်မှ ရန်ကုန်သို့ မောင်းလာသော အစိမ်းရောင်ကုန်တင်ယာဉ်သည်ယာဉ်မောင်း အိပ်ငိုက်ပြီး လမ်းလယ်ကျွန်းရှိ ခရေပင်အား တိုက်မိပြီး တစောင်းရပ်တန့်သွားခဲ့သော်လည်း ယာဉ်မောင်းယာဉ်နောက်လိုက် ထိခိုက်မှုမရှိကြောင်း သိရသည်။

**(၀၄၅)**



# ငြိမ်းချမ်းလေကုန် လနယုန် ဟောကြုံ မဟာသမယ

မြန်မာတို့၏ တစ်နှစ်တာကာလ တစ်ဆယ့်နှစ်လတွင် နယုန်လသည် နှစ်ဦးအစ တန်ခူးလ၊ ကဆုန်လတို့၏နောက် တတိယမြောက်လဖြစ်သည်။ နွေရာသီဥတုမှ မိုးရာသီဥတုသို့ ကူးပြောင်းကာစ လဖြစ်၍ မိုးဦးမိုးဖျားအဖြစ် မိုးဖွဲလေးများ စတင်ရွာသွန်းတတ်သည်။ မိုး၏ရန့်၊ မိုးရေဓာတ်ကြောင့် မြက်ပင်၊ သစ်ပင်၊ မြေကပ်ပင်တို့ မြေပြင်မျက်နှာ ဝပ်နေရာမှ ခေါင်းထောင်ထလာကြသည်။ လှပနုပျို စိမ်းစိုလန်းဆန်းလာကြသည်။ ထို့ကြောင့်လည်း ‘နယုန်မိုးသေး မြက်သားမွေး’ဟု ဆိုစမှတ်ဖြစ်လာရသည်။ တချို့ကလည်း တပေါင်းလပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်ကျော် ၁ ရက်အထိ နွေဥတုဖြစ်သဖြင့် နယုန်လသည် နွေနှောင်းကာလမို့ နေအပူရှိန်လွန်ကဲတတ်၍လည်း ‘ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်’ဟု ဆိုကြပြန်သည်။ နယုန်လသည် မည်မျှပင် ပူပြင်းသော်လည်း အုံ့အုံ့မှိုင်းမှိုင်း ညို့ညို့ဆိုင်း၍ တိမ်လှိုင်းတိမ်ရိပ်တို့ ရစ်သိုင်းဖွဲ့တတ်သဖြင့် နေအပူရှိန်လျော့နည်းအေးမြကာ ရာသီဥတုသာယာစိုပြည်သောလဟု ဆိုရပေမည်။

နယုန်လသည် နွေအကုန် မိုးသို့အကူး စပ်ကူးမပ်ကူး၊ မိုးဥတု၏ အစဦးလဖြစ်သဖြင့် တောင်သူဦးကြီးများ စိုက်ခင်းပြင် ထွန်ရေးငင်ကြသည့် လဖြစ်ပေသည်။ ထို့ပြင် ထူးထူးခြားခြား မြတ်ဘုရားသည် နှစ်ပြည်ထောင်အကြား ငြိမ်းချမ်းရေးတရား ဟောကြားတော်မူသောလလည်းဖြစ်သည်။ နယုန်လပြည့်နေ့ညတွင် ကြီးကျယ်ခမ်းနား နတ်ဗြဟ္မာများနှင့် ရဟန်းသံဃာတော်များ ထူးကဲစွာပေါင်းစုမိကြသည့်အခါသမယဖြစ်သဖြင့် ‘မဟာသမယသုတ်တော်’ကို ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ နယုန်လသည် မြန်မာနိုင်ငံ၌ ‘မဟာသမယအခါတော်နေ့’အဖြစ် ထင်ရှားလေသည်။ လရာသီပွဲတော်မှာ ‘စာပြန်တော်ပွဲတော်’ဖြစ်သည်။

နယုန်လနှင့်ပတ်သက်၍ ‘န’ဆိုသည်မှာ အချိန်ကာလ၊ ‘ယုန်’ ဆိုသည်မှာ ယိုစီးခြင်း၊ မိုးရွာခြင်းဟု အနက်ပြသဖြင့် နယုန်လသည် ‘မိုးရွာသောလ’ဟုဆိုလိုကြောင်း၊ အင်းဝခေတ် စာဆိုတော် ဦးအောင်ကြီး၏ လူးတားတွင် ‘ရာသီမေထုန်၊ လနယုန်မူ၊ မြူးခုန်ပျော်ရွှင်၊ မိုးဃ်းလုလင်လည်း၊ ရွာချင်ခြိမ့်မျှ၊ ရေငန်းပြလျက်’ဟု ဖွဲ့ဆိုခဲ့သည်။ ‘နယုန်ဝါလ၊ ကြဲကြဲပျိုးထောင်၊ ဝါခေါင်သစ်ဆင်း၊ နှစ်လတွင်းမူ၊ ဆင်းကြယာလယ်၊ တောင်သူမယ်တို့’ဟု ဆိုထားသဖြင့် နယုန်လသည် တောင်သူများအတွက် ထွန်ရေးငင်၊ ထယ်ရေးပြင်၍ မိုးရာသီလုပ်ငန်းခွင် စတင်ကြသောလလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အညာဒေသတို့၌ ယခုလို စိုက်ပျိုးရေးအတွက် လုပ်ငန်းခွင်ဝင်ကြသည့် အချိန်အခါမျိုးတွင် ကောက်ပဲသီးနှံ ဖွံ့ဖြိုးစေရန်၊ သီးနှံစပါးအထွက်တိုး ကောင်းမွန်စေရန် ‘ပုဗ္ဗကြယ်’ကို ရည်ရွယ်လျက် ‘ပုဗ္ဗကြယ်ကို တင်သပူဇော်ခြင်း’ပြုလုပ်ကြသည့် ရိုးရာဓလေ့များရှိကြပါသည်။ ထိုအလေ့အထကို ‘ပုန်းမကြည်တင်ပွဲ’ဟုလည်း ခေါ်ဆိုကြသည်။

နယုန်လဟု ရေးသားသုံးစွဲရာ၌ ပုဂံခေတ်ကျောက်စာများ၌ ‘နယုန်လ’ဟုလည်းကောင်း၊ အင်းဝခေတ် ဒုတိယရှင်ပုညကာမိပြုစုတော်မူသော ‘ဘုန်းမီးထက်လျှံချီ မှန်စီသတ်ပုံကျမ်း’၌ ‘တန်ခူး၊ ကဆုန်၊ လနမျုန်၊ ဖုန်ဖုန်လွင့်ဖြူးလိမ်း’၊ သက္ကရာဇ် ၁၀၈၈ ခုနှစ် ‘သီရိမင်္ဂလာ သတ်ပုံကျမ်း’၌ ‘ကဆုန်၊ နမျုန်၊ ကြိုးသုန်သုန်၊ နယုန်နသတ်မြန်း’ဟု ဆိုထားပေရာ အင်းဝခေတ် ကျောက်စာတို့တွင် နယုန်လကို ‘နံမျုန်လ’ဟုလည်းကောင်း ရေးထိုးထားသည်ကို တွေ့ရဖူးပါသည်။ နယုန်လဆိုသည်မှာ ပါဠိဘာသာ ‘နရယုဂ’မှ နရယုဂသဒ္ဒါပျက်၍ ‘နယုန်’ဖြစ်လာသည်ဟုဆိုသည်။ ရာသီမှာ ‘မေထုန်ရာသီ’ဖြစ်သည်။ ရာဇမတ္တဏ်ကျမ်းအလိုအရ ရာသီဘိဓာနအပိုင်းတွင် ‘ဇီတုမ၊ မိထုန၊ နရယုဂ’ဟု သုံးမျိုးပြဆိုထားရာ မိထုန၊ မေထုန်ရာသီ ‘နရယုဂ’သဒ္ဒါပျက်၍ နရယုဂသဒ္ဒါမှ ‘နရယုဂ်’ဖြစ်လာပြီး၊ နရယုဂ်မှတစ်ဆင့် ‘နယုန်’ဖြစ်လာသည်ဟု မှတ်သားရပါသည်။ ‘နရယုဂ’၏ အနက်အဓိပ္ပာယ်သည် ‘ယောကျာ်း၊ မိန်းမအစုံ’ကို ဆိုလိုသည်။ ထို့ကြောင့် မေထုန်ရာသီ၏ သင်္ကေတရာသီရုပ်သည် ‘အပျို၊ လူပျိုယှဉ်တွဲရပ်နေသည့်ဟန်’ဖြစ်သည်။ နယုန်လ မေထုန်ရာသီတွင် ‘ရွှေစာတော်ပြန်မေးလို့၊ မြတ်လေးတဲ့စမွာယ်၊ မေထုန်ဆိုရာသီကူး၊ ပွင့်ဖူးဝတ်မှုံနံ့၊ သင်းပျံ့တော့တယ်၊ ထက်ဝယ်ဘုံက၊ဇွေ့ခေါ် ရွှေကြယ်မင်း၊ လင်းတဲ့ချိန်ပ’ဟု ဖိုးသူတော်ဦးမင်းဖွဲ့ဆိုသည်နှင့်အညီ နယုန်လတွင် ပိဋကတ်စာပေစာတော်ပြန်ပွဲများ ကျင်းပသောလဖြစ်သည်။ လရာသီ၏ ရာသီပန်းတို့မှာ မြတ်လေးပန်း၊ စံပယ်ပန်းများ မွှေးကြိုင်လန်းဆန်းစွာ ပွင့်ဖူးကြသည်။ နယုန်လ၏လပြည့်ည သန်းခေါင်ယံတွင် စန်းသော်တာလပြည့်ဝန်းနှင့်အတူ ‘ဇေဋ္ဌ’နက္ခတ်တို့ယှဉ်တွဲကာ ထွန်းလင်းကြသည်။ နယုန်လ၏ နေထွက်ချိန်မှာ နံနက် ၅ နာရီ ၃၈မိနစ်ဖြစ်ပြီး နေဝင်ချိန်မှာ ညနေ ၆နာရီ ၃၁မိနစ်ဖြစ်သည်။ စာဆိုရှင်ဆရာကြီးဦးယာ၏ မြန်မာနာရီပြဆိုထားသည်မှာ ‘နာရီနှစ်ဖြာ၊နေ့မှာသုံးဆယ်၊ စွန်းကယ်စတု၊ ညဥ္စဖို့ရှုသော်၊ တွက်စုနှစ်ဆယ်၊ ခြောက်ဝယ်စွန်းသာ’ဟု ဆိုသဖြင့် နေ့နာရီ ၃၄နာရီ၊ ညနာရီ ၂၆နာရီဖြစ်သည်။ နယုန်လသည် ရက်မစုံ ၂၉ရက်လဖြစ်ပေသည်။

ထို့ပြင် ‘ရာသီမေထုန်၊ လနယုန်၊ နမျုန်ခေါ်တစ်ပါး၊ ရွှေစာတော်ပြန်၊ ပွဲတော်ဖန်၊ ဘုန်းသန်မင်းမြတ်များ’ဆိုသော အမည်မသိစာဆိုရှင်တစ်ဦး၏သံပေါက်အတိုင်း ‘မေထုန’ခေါ်မေထုန်ရာသီ နယုန်လတွင် ရှေးမြန်မာမင်းများအဆက်ဆက်မှစ၍ ရဟန်း၊သာမဏေတို့၏ စာသံပေသံတည်ညံ့ဖြင့် စာတော်ပြန်ပွဲများကျင်းပခဲ့ကြသည်။ ဆရာမောင်ထင်၏ ‘မြန်မာ့ဆယ့်နှစ်လရာသီအကြောင်း’ စာအုပ်တွင် ပထမပြန်စာမေးပွဲများကို အင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်မှ စတင်ခဲ့သည်ဟု ဆိုပါသည်။ ပထမပြန်စာမေးပွဲ ပထမကြီး၊ ပထမလတ်၊ ပထမငယ်နှင့် ပထမကျော်အဆင့်အတွက် ရဟန်း၊ သာမဏေတို့ဖြေဆိုရန် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဝါစ္စဝါစက၊ ဝိဘတျတ္ထ၊ ဒွေမာတိကာ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းကျမ်းတို့ကို ပြဋ္ဌာန်းဖြေဆိုတော်မူကြရသည်။ သီပေါမင်းပါတော်မူပြီးနောက် ပထမပြန်စာမေးပွဲများ ကိုးနှစ်ခန့် အဆက်ပြတ်သွားခဲ့ပြီး သက္ကရာဇ် ၁၂၅၉ခုနှစ် (၁၈၉၆ခုနှစ်) နယုန်လမှစ၍ ပြန်လည်ကျင်းပလာနိုင်ခဲ့သည်ဟုဆိုပါသည်။ ‘စာပုလွေခင်း ပဋ္ဌင်းတော်ခံ’ဆိုစကားအရ ရဟန်းခံ၊ ရှင်ပြုပွဲများကိုလည်း သာသနာအတွက် ဆောင်ရွက်ကြပါသေးသည်။ ထို့ကြောင့် မြန်မာတို့၏ တစ်နှစ်တာကာလ တစ်ဆယ့်နှစ်လရာသီတို့တွင် မြန်မာတို့ တစ်တွေ မွန်မွန်မြတ်မြတ်ထားကာ ကျင်းပပြုလုပ်ခဲ့ကြသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးဓလေ့များသည် လရာသီအလိုက် သဘာဝတရား၊ အလှတရားများနှင့်အတူ ဘာသာသာသနာအတွက် အစဉ်အလာကောင်းများနှင့် ပြည့်စုံလှပေသည်။

နယုန်လပြည့်နေ့သည် ထူးခြားဆန်းပြားသော ဖြစ်ရပ်များလည်း ဖြစ်တည်နေသည့် လပြည့်နေ့ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် ငြိမ်းချမ်းရေးမှတ်တိုင် စိုက်ထူနိုင်ခဲ့သောနေ့၊ သာကီဝင်မင်းသားရဟန်းတော် ၅၀၀ တို့ တစ်နေ့တစ်ရက်တည်း ကိလေသာအာသဝေါကင်းကွာ ရဟန္တာမထေရ်မြတ်များ အစီအရီဖြစ်တော်မူသောနေ့၊ စကြဝဠာတိုက် တစ်သောင်းမှ နတ်၊ဗြဟ္မာအပေါင်း စုံညီစွာစုဝေးရောက်ရှိလာကြသဖြင့် လွန်စွာထူးကဲသည့် အခါသမယဖြစ်သည့်နေ့၊ နတ်ဗြဟ္မာများ၏တစ်ဦးခြင်းဂုဏ်ကို ထုတ်ဖော်သော ‘မဟာသမယသုတ်တော်’ ဟောကြားတော်မူသောနေ့ဖြစ်သဖြင့် ထူးကဲထွတ်မြတ်သောလ ဟုဆိုရပေမည်။

ဂေါတမဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့တွင် လောကသုံးပါး၌ အတုမရှိအမြတ်ဆုံးသော ဗုဒ္ဓအဖြစ်ရောက်ရှိတော်မူပြီးနောက် ဗာရာဏသီပြည်ကို ဂေါစရဂါမပြု၍ မိဂဒါဝုန်တောဌ် သီတင်းသုံးတော်မူ၍ ဦးစွာပထမဝါကို ပြီးမြောက်တော်မူခဲ့ပါသည်။ ထို့နောက် ဒုတိယဝါမှစ၍ စတုတ္ထဝါထိ ၃ ဝါတိုင်တိုင် ရာဇဂြိုဟ်ပြည်ကို ဂေါစရဂါမပြုကာ ဝေဠုဝန်ကျောင်းတော်၌ ဝါတော်များ ပြီးမြောက်စေခဲ့ပါသည်။ ပဥ္စမမြောက်ဝါအတွက် ဝါဆိုဝါကပ်ရန် ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်သို့ကြွတော်မူ၍ ‘ကူဋာဂါရ’ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါသည်။ ထိုအချိန်၌ ကပိလဝတ်ပြည်နှင့်ကောလိယပြည်တို့အကြား ဖြတ်သန်းစီးဆင်းနေသော ‘ရောဟဏီမြစ်’သည် မဟာသက္ကရာဇ် ၁၀၇ ခုနှစ် နွေနှောင်းကာလ နယုန်လရောက်သောအခါ နေ၏အပူရှိန်လွန်ကဲပြင်းထန်၍ ပူပြင်းခြောက်သွေ့သဖြင့် မြစ်ရေများ လျော့နည်းလာခဲ့သည်။ ထိုမြစ်ရေကို အကြောင်းပြု၍ ပြည်၏ဝမ်းစာဖြည့်တင်းနေကြသော နှစ်ပြည်ထောင် လယ်သမားများ၏ ရေလုပွဲ ပဋိပက္ခများသည် တစ်စတစ်စကြီးထွားလာကာ နှစ်ပြည်ထောင်ပြည့်ရှင်မင်းများ ပါဝင်လာပြီး နှစ်ပြည်ထောင် သာကီဝင်အချင်းချင်း စစ်မက်ရေးရာအထိ ဖြစ်လာခဲ့သည်။

ထိုအခါမြတ်စွာဘုရားရှင် ကြွတော်မူလာ၍ နှစ်ပြည်ထောင် ငြိမ်းချမ်းရေးကိုရှေးရှုပြီး ရန်ငြိုးများငြိမ်းရန်၊ ရန်ငြိုးကြောင့် ပျက်စီးခဲ့ရသည့် ဝက်ဝံနှင့်ရက္ခစိုးတို့၏ ‘ဖန္ဒနဇာတ်’၊နံ့ပြီစုတ်နှင့် ဆင်ပြောင်တို့၏ ‘လဋုကိကဇာတ်’တစ်ဆင့်စကား ယုံမှားမိသဖြင့် ဒုက္ခရောက်ကြရသည့် ဒုဒ္ဒုဘဇာတ်တို့ကို ဟောကြားတော်မူပြီး ချစ်ခင်ရင်းနှီး ညီညွတ်စွာနေထိုင်ခြင်းဖြင့် အကျိုးထူးများရရှိကြသည့် ‘ရက္ခမဓ္မဇာတ်၊’ညီညွတ်မှုကြောင့် မုဆိုးပိုက်ကွန်အတွင်းမှလွတ်ကင်းရသည့် ‘သမ္မောဒမာနဇာတ်’တို့ကိုဟောတော်မူပါသည်။ တစ်ဖန် မိမိကိုယ်ကိုယ် သတိဖြင့်ထိန်းသိမ်းဆုံးမစောင့်ရှောက်ရန် ‘အတ္တဒဏ္ဍသုတ်တော်’ကိုဆက်လက်ဟောကြားတော်မူ၍ ငြိမ်းချမ်းရေးမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်အား နှစ်ပြည်ထောင်မင်းတို့လွန်စွာကြည်ညိုသည်ဖြစ်၍ တစ်ဖက်လျှင်သာကီဝင်မင်းသား ၂၅၀စီလှူဒါန်း၍ ရဟန်းပြုစေခဲ့ပါသည်။ မြတ်ဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည်အနီး မဟာဝုန်တောအတွင်း ရဟန်း ၅၀၀တို့အား ရဟန်းတရားကျင့်ကြံစေပါသော်လည်း လူ့ဘဝမှ သံယောဇဉ်အနှောင်အဖွဲ့များ မဖြတ်တောက်နိုင်၍ တရားမရနိုင်သည်ကိုသိတော်မူသဖြင့် နယုန်လပြည့်၏ နေ့ခင်းပိုင်း၌ လွန်စွာမွေ့လျော်ဖွယ်ကောင်းသော ဟိမဝန္တာတောအတွင်းရှိ ‘ကုဏာလရေအိုင်’သို့ခေါ်ဆောင်၍ ဂါထာ ၃၀၀ တို့ဖြင့် တန်ဆာဆင်အပ်သည့်‘ကုဏာလငှက်မ’၏ဇာတ်ကြောင်း ဟောကြားတော်မူရာ သောတာပတ္တိဖိုလ်၌တည်ကြကုန်၏။ ထိုမှ မဟာဝုန်တောသို့ ပြန်ကြွတော်မူ၍ ရဟန်းတရားအားထုတ်စေရာ နေမဝင်မီ ရဟန္တာများ ဖြစ်တော်မူကြသည်။

ထိုလပြည့်နေ့ည၌ အသစ်စက်စက်ရဟန္တာ ၅၀၀ အား ဖူးမြော်ရန်ရောက်ရှိလာကြသော စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းကို အမျိုးနွယ်တူအစုလိုက်အားဖြင့် ထုတ်ဖော်ကာ နှုတ်ဆက်စကား မိန့်ကြားပြီး ကြွရောက်လာကြသော နတ်ဗြဟ္မာအပေါင်း၏ စရိုက်လက္ခဏာများအလိုက် ‘ရာဂစရိုက်’ ရှိသူများအတွက် ‘သမ္မာပရိဗ္ဗာဇနိယသုတ်တော်’ ‘ဒေါသစရိုက်’ ရှိသူများအတွက် ‘ကလဟဝိဝါဒသုတ်တော်’ ‘မောဟစရိုက်’ ရှိသူများအတွက် ‘မဟာဗျူဟာသုတ်တော်’ ‘ဝိတက်စရိုက်’ ရှိသူများအတွက် ‘စူဠဗျူဟာသုတ်တော်’‘သဒ္ဓါစရိုက်’ရှိသူများအတွက် ‘တုဝဋ္ဋကသုတ်တော်’ ‘ပညာစရိုက်’ရှိသူများအတွက် ‘ပုရာဘေဒသုတ်တော်’ တို့ကို နိမ္မိတရုပ်ပွားတော်တစ်ဆူ ဖန်ဆင်းတော်မူ၍ အမေးအဖြေသဘောမျိုးဖြင့် ဟောကြားတော်မူရာ ကုဋေတစ်သိန်းမက ကျွတ်တမ်းဝင်ကြသည်။ ထို့ကြောင့် နယုန်လပြည့်နေ့ကို ‘မဟာသမယအခါတော်နေ့’အဖြစ်ဖြင့်ကုသိုလ်ပြုကြသည်။ အချုပ်အားဖြင့် နယုန်လပြည့်နေ့ဟောကြားတော်မူသော ‘မဟာသမယသုတ်တော်’ကိုအကြောင်းပြု၍ အတူတကွယှဉ်တွဲနေထိုင်ကြသူ အချင်းချင်း ရန်ငြိုးရန်ဆွယ်မထားဘဲ ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ကြရန်၊ ဘာသာသာသနာအဓွန့်ရှည်အောင် ပရိယတ္တိစာပေ စာတော်ပြန်ပွဲများသည် သာသနာတော်အတွက် အထောက်အပံ့မို့ ကုသိုလ်ပြုလှူဒါန်းနိုင်ကြရန်၊ နတ်များစွာချစ်ခင်နှစ်သက်သည့် ‘မဟာသမယသုတ်တော်’ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လူချစ်နတ်ချစ်၍ ကျက်သရေမင်္ဂလာတိုးတက်ကာ လောကီချမ်းသာအပြင် ချမ်းသာအစစ်လောကုတ္တရာချမ်းသာများကို ရရှိခံစားနိုင်ကြစေရန် စိတ်ရည်သန်၍ ရေးသားလိုက်ရပါသည်။

မန်းမြေမှ ပန်းသပြေ

# နိုင်ငံတကာ အားကစား သတင်းများ

## ဂိုးသမား ဆာဖိုနော့ဗ်အား ပီအက်စ်ဂျီအသင်း ခေါ်ယူ




**ပါရီ ဇွန် ၁၆**

ပီအက်စ်ဂျီအသင်းသည် ရုရှားလက်ရွေးစင်အသင်းနှင့် Krasnodar-2 ဂိုးသမား ဆာဖိုနော့ဗ်အား ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ဂိုးသမား ဆာဖိုနော့ဗ်သည် ရုရှားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၁ မှ ၂၀၂၄ အထိ ပြိုင်ပွဲ ၁၄ ပွဲကစားကာ အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဆာဖိုနော့ဗ်က "ကျွန်တော် အခုလို ဥရောပထိပ်သီးကလပ်တစ်သင်း ဖြစ်တဲ့ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ရောက်ရှိလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်း တာဝန်ရှိသူအားလုံးကို အထူး ကျေးဇူးတင်ပါတယ်။ပီအက်စ်ဂျီ အသင်းနဲ့အတူ လာမည့်ဘောလုံး ရာသီမှာ ပုံမှန်ပွဲထွက်ခွင့်ရဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်များ

**နိုင်ကမ္ဘာ**

### အုပ်စု(င)ပွဲစဉ်များ

**ရိုမေးနီးယား - ယူကရိန်း**

ဇွန်လ ၁၇ ရက်(တနင်္လာနေ့) ည ၇:၃၀ နာရီ

**(မြူးနစ်ဘောလုံးကွင်း၊ မြူးနစ်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၂၆-၂-၂၀၀၁ | ရိုမေးနီးယား | ၁-၀ | ယူကရိန်း | (ခြေစမ်းပွဲ) |
| ၂၇-၃-၂၀၀၂ | ။ | ၄-၁ | ။ | ။ |
| ၂၀-၈-၂၀၀၃ | ယူကရိန်း | ၀-၂ | ရိုမေးနီးယား | ။ |
| ၁၀-၅-၂၀၁၀ | ။ | ၃-၂ | ။ | ။ |
| ၁၉၉၂-၉၃ | ရိုမေးနီးယား | ၂-၂ | ယူကရိန်း | ။ |
| ၁၀-၅-၂၀၁၆ | ။ | ၃-၄ | ။ | ။ |

ကမ္ဘာ့အဆင့်(၄၇)ရှိသည့် ရိုမေးနီးယားအသင်းနှင့် ကမ္ဘာ့အဆင့်(၂၂)ရှိသည့် ယူကရိန်းအသင်းတို့သည် ခြေစမ်းပွဲများ၌ (၆)ကြိမ် ဆုံတွေ့ခဲ့ရာ ရိုမေးနီးယားက (၃)ကြိမ်အနိုင်ရပြီး (၁)ကြိမ် သရေကျကာ (၂)ကြိမ် ရှုံးနိမ့်ခဲ့သည့်အတွက် အစဉ်အလာအရ ရိုမေးနီးယားက အသာရနေသော်လည်း နောက်ပိုင်းတွင် ယူကရိန်းတို့ ခြေစွမ်းကောင်းနေသောကြောင့် ယခုပွဲ သရေကျရန် ရာခိုင်နှုန်းများနေပြီး အနိုင်ဆိုပါက ယူကရိန်းကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ရိုမေးနီးယား-နိုင်၊ သရေ၊ ရှုံး၊ သရေ၊ သရေ

ယူကရိန်း-နိုင်၊ နိုင်၊ သရေ၊ ရှုံး၊ နိုင်

**ဘယ်လ်ဂျီယံ - ဆလိုဗက်ကီးယား**

ဇွန်လ ၁၇ ရက်(တနင်္လာနေ့) ည ၁၀:၃၀ နာရီ

**(ဖရန့်ဖတ်ဘောလုံးကွင်း၊ ဖရန့်ဖတ်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၁၇-၄-၂၀၀၂ | ဘယ်လ်ဂျီယံ | ၁-၁ | ဆလိုဗက်ကီးယား | (ခြေစမ်းပွဲ) |
| ၂၁-၅-၂၀၀၆ | ဆလိုဗက်ကီးယား | ၁-၁ | ဘယ်လ်ဂျီယံ | ။ |
| ၇-၂-၂၀၁၃ | ဘယ်လ်ဂျီယံ | ၂-၁ | ဆလိုဗက်ကီးယား | ။ |

ကမ္ဘာ့အဆင့်(၄)ရှိသည့် ဘယ်ဂျီယံအသင်းနှင့် ကမ္ဘာ့အဆင့်(၄၈)ရှိသည့် ဆလိုဗက်ကီးယားအသင်းတို့သည် ခြေစမ်းပွဲများ၌ (၃)ကြိမ် ဆုံတွေ့ခဲ့ရာ ဘယ်ဂျီယံက (၁)ကြိမ် အနိုင်ရပြီး (၂)ကြိမ် သရေကျထားသည့်အတွက် အစဉ်အလာအရရော ခြေစွမ်းပါ သာနေသည့် ဘယ်လ်ဂျီယံတို့ အနိုင်သေချာသည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ဘယ်လ်ဂျီယံ-နိုင်၊ သရေ၊ သရေ၊ နိုင်၊ နိုင်

ဆလိုဗက်ကီးယား-နိုင်၊ ရှုံး၊ သရေ၊ နိုင်၊ နိုင်

## နာချိုအား ခေါ်ယူရန် အယ်လ်အစ်တီဟတ်အသင်း စီစဉ်




**မက်ဒရစ် ဇွန် ၁၆**

ဆော်ဒီကလပ် အယ်လ်အစ်တီဟတ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း ဝါရင့်နောက်ခံကစားသမား နာချိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၀-၂၀၁၁မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၄ ပွဲ ကစားပြီး ၁၆ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်အစ်တီဟတ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းကလည်း နာချိုအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အယ်လ်အစ်တီဟတ်အသင်းအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းထံမှ နာချိုအား ရရှိအောင် ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## သီယာဂိုရိုမာနိုအား ခေါ်ယူရန် လာဇီယို၊ တိုရီနို၊ ဖီယင်နအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဇွန် ၁၆**

အာဂျင်တီးနား U-20 အသင်းနှင့် ပါနာသီနာကို့စ်အသင်း လူငယ်ကစားသမား သီယာဂိုရိုမာနိုအား ခေါ်ယူရန် လာဇီယို၊ တိုရီနို၊ ဖီယင်နအသင်းတို့က အပြိုင် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၈)နှစ်အရွယ်ရှိ လူငယ်ကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် လာဇီယို၊ တိုရီနို၊ ဖီယင်နအသင်းတို့ အပြိုင်စိတ်ဝင်စားလာခြင်း ဖြစ်သည်။

လူငယ်ကစားသမား သီယာဂိုရိုမာနိုသည် လက်ရှိ နွေရာသီ ဈေးကွက်အတွင်းတွင် ပါနာသီနာကို့စ်အသင်းမှ ထွက်ခွာသွားမည်ဟုလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် လာဇီယို၊ တိုရီနို၊ ဖီယင်နအသင်းတို့အနေဖြင့် သီယာဂိုရိုမာနိုအား မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူနိုင်မည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။ **(အောက်ပုံ)(NGB)**




## ဘောလုံးသတင်းအတိုအထွာများ

* အဲဗာတန်အသင်းကအသင်း နောက်ခံကစားသမား ဘရန့်ဝိတ်အတွက် မန်ချက်စတာယူနိုက်တက်အသင်း၏ စတာလင်ပေါင် ၄၅ သန်းဖြင့် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဝက်စ်ဟမ်းအသင်း တောင်ပံကစားသမားသစ် ပွီဟာမီက မိမိအနေဖြင့် အသင်းနှင့်အတူ လာမည့် ဘောလုံးရာသီသစ်တွင် အောင်မြင်မှုများ ရယူသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

**(NGB)**

## ဆမ်ကား ချဲလ်ဆီး အမျိုးသမီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၁၆**

ချဲလ်ဆီးအမျိုးသမီးအသင်းသည် အသင်းတိုက်စစ်မှူး ဆမ်ကားအား ၂ နှစ် သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ချဲလ်ဆီးအမျိုးသမီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၈ ပွဲကစားကာ ၉၉ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဆမ်ကားက "ကျွန်မ အခုလို အသင်းနဲ့သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်မရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**




### အုပ်စု(ဃ)ပွဲစဉ်

**သြစတြီးယား - ပြင်သစ်**

ဇွန်လ ၁၈ ရက်(အင်္ဂါနေ့) နံနက် ၀၁:၃၀ နာရီ

**(ဒပ်ဆဲဒေါ့ဖ်ဘောလုံးကွင်း၊ ဒပ်ဆဲလ်ဒေါ့ဖ်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၇-၅-၁၉၃၄ | သြစတြီးယား | ၁-၁ | ပြင်သစ် | (ကမ္ဘာ့ဖလား ၁၉၃၄ ရှုံးထွက်-၁၆ သင်းအဆင့်) | | |
| | (အချိန်ပိုတွင် | ၂-၁ | ဖြင့် သြစတြီးယားနိုင်) | | | |
| ၁၉၅၆-၆၀ | သြစတြီးယား | ၂-၄ | ပြင်သစ် | ၅-၂ | သြစတြီးယား | (ယူရို ၆၀ ခြေစစ်ပွဲ) |
| ၂၈-၆-၁၉၈၂ | သြစတြီးယား | ၀-၁ | ပြင်သစ် | (ကမ္ဘာ့ဖလား ၁၉၈၂ အုပ်စု-ဒုတိယအဆင့်) | | |
| ၁၉၉၂-၉၃ | သြစတြီးယား | ၀-၁ | ပြင်သစ် | ၂-၀ | သြစတြီးယား | (ကမ္ဘာ့ဖလား ၉၄ ခြေစစ်ပွဲ) |
| ၂၀၀၈-၀၉ | သြစတြီးယား | ၃-၁ | ပြင်သစ် | ၃-၁ | သြစတြီးယား | (ကမ္ဘာ့ဖလား ၂၀၁၀ ခြေစစ်ပွဲ) |
| ၂၀၂၂ | သြစတြီးယား | ၁-၁ | ပြင်သစ် | ၂-၀ | သြစတြီးယား | (UEFA နေရှင်းလိဂ်အုပ်စု) |

ကမ္ဘာ့အဆင့်(၂၅)ရှိသည့် သြစတြီးယားအသင်းနှင့် ကမ္ဘာ့အဆင့်(၂)ရှိသည့် ပြင်သစ်အသင်းတို့သည် ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ (၁၂)ကြိမ်ဆုံတွေ့ခဲ့ရာ သြစတြီးယားက (၂)ကြိမ်သာ အနိုင်ရပြီး (၂)ကြိမ် သရေကျကာ (၈)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ ပြင်သစ်က အသာရနေ၍ ပြင်သစ်တို့ အနိုင်သေချာသည့်ပွဲ ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

သြစတြီးယား-နိုင်၊ နိုင်၊ နိုင်၊ နိုင်၊ သရေ

ပြင်သစ်-သရေ၊ ရှုံး၊ နိုင်၊ နိုင်၊ သရေ

## 2024 Libéma Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Dalma Galfi တက်ရောက်

**လန်ဒန် ဇွန် ၁၆**

နယ်သာလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော 2024 Libéma Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဟန်ဂေရီ တင်းနစ်မယ် Dalma Galfi တက်ရောက်ခဲ့သည်။

အဆိုပါ ဟန်ဂေရီတင်းနစ်မယ် Dalma Galfi သည် 2024 Libéma Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်မယ် Aleksandra Krunic အား ၇-၅၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Libéma Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်တွင် ဟန်ဂေရီတင်းနစ်မယ် Dalma Galfi နှင့် ကနေဒါ တင်းနစ်မယ် Bianca Andreescu တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(ယာပုံ)(NGB)**



# ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူ



**ပွင့်ဖြူ ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၈ နာရီခွဲက ပွင့်ဖြူမြို့ အရှေ့ပိုင်း ရပ်ကွက်မြို့ပတ်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံအနီးတွင် ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်မြတ်ခိုင်က ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင် စာရင်း ကောက်ယူရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး မင်းပိုင်စိုး၊ အတွင်းရေးမှူး ယာယီ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခိုင်စိုး၊ စီမံအဖွဲ့ဝင် ဦးသိန်းစိုး၊ လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ပွင့်ဖြူမြို့နယ်ဦးစီးမှူး ဦးညွန့်ဝင်းထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အသိပညာပေး ဆိုင်းဘုတ်ကို အမွှေးနံ့သာများ ပက်ဖျန်းခဲ့ကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ပွင့်ဖြူမြို့နယ် ဦးစီးမှူး ဦးညွန့်ဝင်းထူးနှင့် ဝန်ထမ်းများက တက်ရောက်လာကြသူများနှင့် လမ်းသွားလမ်းလာပြည်သူများကို ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး လက်ကမ်းစာစောင်များကို လိုက်လံ ဖြန့်ဝေပေးကြသည်။

အဆိုပါ အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း၏ ရည်ရွယ် ချက်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပွင့်ဖြူ မြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ရက်မှ ၁၅ရက်အထိ ကောက်ယူမည့် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ပြည်သူ များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေ ရန်နှင့် ပူးပေါင်းပါဝင်ကူညီ ဆောင် ရွက်နိုင်ရေးအတွက် အကြိုလှုပ် ရှားမှုတစ်ရပ်အနေဖြင့် ယခုကဲ့သို့ ပိုစတာစိုက်ထူခြင်းဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဦးစီးမှူး ဦးညွန့် ဝင်းထူးက ပြောသည်။

(အပေါ်ဝဲပုံ)

(၄၄၅)



# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ အလိုတော်ပြည့်ဘုရားတောင်ဘက် ဘုရားအစုအဝေးအတွင်း ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ညောင်ဦး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေ အနှစ်ဒေသအတွင်း အလိုတော် ပြည့် ဘုရားတောင်ဘက် ဘူး လည်သီးဘုရားပတ်ဝန်းကျင်ရှိ ရှေးဟောင်းဘုရားများ ဘုရား အစုအဝေးအတွင်း ဇွန် ၁၅ရက် နံနက် ၇ နာရီက ညောင်ဦးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက် ကြသည်။ (အပေါ်ပုံ)

ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များနှင့် ညောင်ဦး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင် များ ဦးဆောင်မှုဖြင့် ညောင်ဦး မြို့နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာ များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှ ညောင်ဦးမြို့မှ ပုဂံမြို့သစ် သို့သွားရာ အနော်ရထာနစ်လမ်း သွားလမ်းမကြီး တောင်ဘက် ဘူးလည်သီးဘုရားအနီးရှိ ရှေး ဟောင်းဘုရားများ အစုအဝေး အတွင်း အမှိုက်များ၊ပေါင်းမြက် များ၊ ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း နှင့် ပေါင်းမြက်များ၊ သစ်ပင် ချုံနွယ်များအား ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် ရှင်း ပြီးသား ပေါင်းမြက်များ၊သစ်ပင် သစ်ကိုင်းများအား စည်ပင်သာယာ ရေးအမှိုက်ကျင်းသို့ ပို့ဆောင် ရှင်းလင်းခဲ့ကြောင်းသိရသည်။

(၄၈၁)

# အုန်းသီးများ နယ်ပယ်ပေါင်းစုံမှအဝင်များလာခြင်းကြောင့် ဈေးနှုန်းအနည်းငယ် ကျဆင်းလာ

**မန္တလေး ဇွန် ၁၆**

မန္တလေးဈေးကွက်အတွင်းသို့ နယ်ပယ်ပေါင်းစုံမှ အုန်းသီးများ အဝင်များလာခြင်းကြောင့် ဈေး နှုန်းအနည်းငယ် ကျဆင်းလာ သည်။ (အောက်ပုံ)

အုန်းသီးများအား ယခင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှု ရှိသော်လည်း ယခုလပိုင်းအတွင်း တင်ပို့မှု နည်းပါးသွားခြင်းနှင့် မန္တလေးရှိ မုန့်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် အရည်သောက် အုန်းသီးနုများကို ဝယ်ယူစားသုံး မှုရှိသည့် နယ်ပယ်ပေါင်းစုံမှ ပိုမို တင်ပို့လာခြင်းတို့ကြောင့် အုန်း သီးတစ်လုံးလျှင်ယခင်က ငွေကျပ် ၂၂၀၀ဝန်းကျင်မှ ယခုအခါ ငွေကျပ် ၁၇၀၀သို့ ရောက်ရှိလာသည်။

"ဈေးနှုန်းကတော့ တစ်လုံး ကို ငွေကျပ် ငါးရာလောက်တော့ ကျသွားတယ်၊ လောလောဆယ် အခြေအနေအရ ပြည်ပတင်ပို့မှု နည်းသွားတဲ့အတွက် ဈေးနည်း နည်းအေးသွားတာဖြစ်ပါတယ်၊ မကြာမီမှာ ဈေးနှုန်းက အရင် အတိုင်း ပြန်ရောက်နိုင်မယ်ထင် တယ်"ဟု အုန်းသီးဝယ်ရောင်း လုပ်ကိုင်သူ ဦးသန့်ဇင်က ပြော သည်။

အုန်းသီးအား ပြည်တွင်း မုန့်လုပ်ငန်းများတွင် အသုံးပြု ကြသည့်အပြင် ပွဲလမ်းသဘင် အခမ်းအနားများ၊ ဘုရားပွဲ၊ နတ်ပွဲများတွင် အများဆုံးအသုံးပြု ကြကြောင်း၊ အုန်းသီးနုများကို အရည်သောက်အုန်းသီးအဖြစ် မန္တလေးဈေးကွက်အတွင်းတွင် ရောင်းချမှုများ ပြုလုပ်လျက်ရှိ သည်။

မြန်မာနိုင်ငံအတွင်းမှ ထွက် ရှိသော အုန်းသီးများကို ဘင်္ဂလား ဒေ့ရှ်နိုင်ငံသို့ ကုန်ကြမ်းအဖြစ် တင်ပို့ကြပြီး အဆင့်မြင့်ထုတ် ကုန်များကို ပြန်လည်ထုတ်လုပ် ကြကြောင်း၊ လက်ရှိ ပြည်တွင်း တွင်လည်း ကုန်ချောထုတ်လုပ် ကာ ပြည်ပနိုင်ငံသို့ တင်ပို့နိုင်ရန် အတွက် လုပ်ဆောင်နေကြသော် လည်း လုပ်ဆောင်မည့်သူ အရေ အတွက် နည်းပါးသေးကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)



# နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်ဖြင့် စိုက်ပျိုးမည့် မိုးစပါးစိုက်ကေများအတွက် မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ပွဲ ကျင်းပ

**မိတ္ထီလာ ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေး နှစ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး အစီအစဉ်ဖြင့် စိုက်ပျိုးမည့် မိုး စပါးစိုက်ဧကများအတွက် မျိုး စပါးနှင့် သွင်းအားစုများပေးအပ်ပွဲ ကို ယမန်နေ့က ရေချိုကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပ သည်။

ရှေးဦးစွာ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူးက နိုင်ငံ့ စီးပွားမြှင့်တင်ရေး အစီအစဉ်ဖြင့် မြို့နယ်အတွင်း မိုးစပါးနှင့်အခြား သီးနှံများ စိုက်ပျိုးထားရှိမှု အခြေ အနေနှင့် ဆက်လက်စိုက်ပျိုးမည့် အခြေအနေများအား ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အာမခံ လုပ်ငန်း မိတ္ထီလာမြို့နယ်ရုံးမှ တာဝန်ခံအရာရှိ ဦးဌေးလွင်က နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်း ဆောင်ရွက်မှု အခြေအနေများနှင့် သီးနှံအာမခံအကြောင်းကို ရှင်း လင်းပြောကြားပြီး မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေချိုကျေးရွာရှိ နိုင်ငံ့စီးပွား မြှင့်တင်ရေး အစီအစဉ်ဖြင့် မိုး စပါးစိုက်ပျိုးမည့် တောင်သူများ အား မျိုးစပါးနှင့်သွင်းအားစုများ အား အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးဦးသက် နိုင်အေးနှင့် တာဝန်ရှိသူများက လျှော်ဖြူကန်ကျေးရွာရှိ နိုင်ငံ့ စီးပွားမြှင့်တင်ရေးအစီအစဉ်ဖြင့် မိုးစပါးစိုက်ပျိုးမည့် တောင်သူများ အား မျိုးစပါးနှင့် သွင်းအားစုများ အား ပေးအပ်ကြသည်။

မိတ္ထီလာမြို့နယ်တွင် ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်၌ နိုင်ငံ့ စီးပွားမြှင့်တင်ရေးအစီအစဉ်ဖြင့် စိုက်ပျိုးမည့် မိုးစပါးသီးနှံကို ထမုန်ကန်းကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀၊ တောမကျေးရွာ အုပ်စုတွင် စိုက်ဧက ၁၀၀၊ခင်လူး ကျေးရွာအုပ်စုတွင် စိုက် ဧက ၅၀၊ ရှမ်းတဲကျေးရွာအုပ်စုတွင် စိုက် ဧက ၃၀၊ ကဖြူကျေးရွာအုပ်စု တွင် စိုက်ဧက ၅၀၊ ဇောင်းချမ်း ကုန်းကျေးရွာအုပ်စုတွင် စိုက်ဧက ၃၀၊ မကျီးစုကျေးရွာအုပ်စုတွင် စိုက်ဧက ၄၀၊ လျှော်ဖြူကန် ကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ကွက်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၅၀၊ စုစုပေါင်း စိုက်ပျိုးဧက ၆၀၀ ကို စိုက်ပျိုးသွားမည် ဖြစ် ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)





## အမှိုက်များအား စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းနှင့် သိမ်းဆည်းခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မင်းဘူး ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး႒ာနနှင့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီး႒ာနတို့ ပူးပေါင်းပြီး မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ အမှိုက်များအား စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းနှင့် စနစ်တကျ သိမ်းဆည်းခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက မင်းဘူးမြို့ရှိ မင်းမင်းဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ အသိပညာပေး ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီး႒ာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးမင်းဦးက ဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာ တိုင်းဒေသကြီးအတွင်း ခရီးသွားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် ခရီးစဉ်ဒေသများ ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နေထိုင်ရာ လူမှုပတ်ဝန်းကျင် နယ်ပယ်အသီးသီးတွင် အေးချမ်းသာယာလှပပြီး သန့်ရှင်းသပ်ရပ်မှုရှိစွာဖြင့် လာရောက်လည်ပတ်ချင်စဖွယ်ကောင်းအောင် ဖန်တီးနိုင်မှသာ နယ်လှည့်ခရီးသွားများက ပိုမိုစိတ်ဝင်စားပြီး လာရောက်လည်ပတ်မည်ဖြစ်ကြောင်း၊ ခရီးသွားများ ဝင်ရောက်မှသာ ဒေသခံများက ကောင်းမွန်သော ခရီးသွားဝန်ဆောင်မှုဖြင့် ခရီးသွားကဏ္ဍမှ မိသားစုဝင်ငွေများရရှိကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ခရီးသွားများ အပန်းဖြေလာရောက် လည်ပတ်ချိန် စိတ်အနှောင့်အယှက် မဖြစ်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေသော စွန့်ပစ်အမှိုက်များကို လာရောက်လည်ပတ်သူများနှင့်အတူ ဒေသခံများကလည်း စနစ်တကျ ခွဲခြားစွန့်ပစ်ပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပအောင် ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခရီးသွားများအတွက် မြို့ရွာအေးချမ်းပြီး သန့်ရှင်းသာယာလှပရေးသည် အဓိက အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး႒ာန မင်းဘူးခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ကမ္ဘာတစ်ဝန်းလုံး၌ တစ်စက္ကန့်လျှင် ပလတ်စတစ်အိတ်ပေါင်း ၁၆၀၀၀၀ သုံးစွဲလျက်ရှိပြီး တစ်နှစ်လျှင် ၅ ထရီလီယံခန့်ရှိနေကြောင်း၊ ပလတ်စတစ်ဆွေးမြေ့ကြေပျက်ရန် နှစ်ပေါင်း ၅၀၀ မှ ၁၀၀၀ ခန့် ကြာမြင့်ပါကြောင်း ဦးစွာ ပြောကြားပြီး အမှိုက်များအား စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းနှင့် စနစ်တကျ သိမ်းဆည်းခြင်းဆိုင်ရာ အသိပညာခေါင်းစဉ်ဖြင့် ပလတ်စတစ်၏ အခြေခံသဘာဝနှင့် အမျိုးအစားများ၊ ပလတ်စတစ် ဂုဏ်သတ္တိ၊ ပလတ်စတစ်သုံးစွဲမှု၏ နောက်ဆက်တွဲ ဆိုးကျိုးများနှင့် ညစ်ညမ်းမှု၏ ဆိုးကျိုးများ၊ စွန့်ပစ်ပစ္စည်းများ၏ ဆွေးမြေ့ရန်ကြာမြင့်ချိန်၊ တစ်ခါသုံး ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်သုံးစွဲမှုမှ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ပျက်စီးယိုယွင်းထိခိုက်စေမှုများ၊ ပလတ်စတစ်ညစ်ညမ်းမှုအား ဖြေရှင်းရန်နည်းလမ်းများ၊ ထိန်းချုပ်ခြင်းနည်းလမ်း သဘောတရားများ၊ သုံးစွဲမှုလျှော့ချရန် နည်းလမ်းနှင့် စည်းမျဉ်းများ စသည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာကြသူများ၏ သိရှိလိုသော မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ႒ာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ စားသောက်ဆိုင် လုပ်ငန်းရှင်များ၊ ဒေသခံများနှင့် ပရဟိတလူမှုကူညီရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၅၀၀)

## မိုးစပါး ပျိုးထောင်စိုက်ပျိုးရန် စတင်ပြင်ဆင်နေ

**မုံရွာ ဇွန် ၁၆**

မုံရွာမြို့နယ် တောင်သူအများစုသည် လက်ရှိနွေပဲတီစိမ်းစိုက်ပျိုးပြီးလျှင် မိုးစပါးကို ပျိုးထောင်စိုက်ပျိုးရန် စတင်ပြင်ဆင်နေကြပြီဖြစ်သည်။

"လက်ရှိမှာ နွေပဲတီစိမ်းစိုက်ထားပါတယ်။ မကောက်ရသေးဘူး။ နောက်ထပ်တစ်ရက်၊ နှစ်ရက်နေမှ ကောက်ရမှာပါ။ နွေပဲတီစိမ်းပြီးရင် မိုးစပါးစိုက်မှာပါ။ ပျိုးထောင်ပြီးစိုက်မှာပါ။ ပျိုးထောင်စိုက်ဖို့ အဆင်မပြေရင် ရမ်စီလာနဲ့ဆွဲစိုက်မှာပါ။ မုံရွာမြို့နယ်မှာ အများစုက ဧရာမင်းမျိုးစိုက်ကြတာများပါတယ်။ ဧရာမင်းက ပြန်ထုတ်ရောင်းရတာ အများစုက လက်ခံအဆင်ပြေတယ်။ ပေါ်ဆန်းကတော့ စက်နဲ့ရိတ်ရသိမ်းရမှ ကောင်းတာပါ။ လူအားနဲ့ သိမ်းရ၊ ရိတ်ရတာ မကောင်းဘူး။ ပေါ်ဆန်းစပါးကိုတော့ မစိုက်ဖြစ်ဘူး"ဟု မုံရွာမြို့နယ်၊ အောက်စိမ့်တောရွာ တောင်သူ ကိုကျော်ဇင်သန့်က ပြောသည်။

မုံရွာမြို့နယ်ရှိ တောင်သူအများစု၏ စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်သားရှားပါးမှု အဓိကကြုံတွေ့နေရပြီး ရိတ်သိမ်းချိန်တွင် စက်ဖြင့်လုပ်လျှင် စရိတ်သက်သာမည်မှန်သော်လည်း စက်အခက်အခဲကြောင့် လူအားကို ကုန်ကျစရိတ် ပိုပေးကာ လုပ်ဆောင်နေကြရသည်။

"ရေအခက်အခဲရှိရင် စပါးအထွက်နည်းတယ်။ တစ်ဦးနဲ့တစ်ဦး မမျှတတဲ့အခါ၊ မိုးရေမရတဲ့အခါ စပါးအထွက်နည်းတယ်။ ဆည်ထဲ မိုးရေရှိမှ စပါးအထွက်ကောင်းတာပါ။ ရေပေါ်ရင် ပဲတီစိမ်းလည်း စိုက်လို့ရပါတယ်။ ဒီနှစ်က ခေတ်ကာလအခြေအနေအရ နောက်ကျသွားတော့ ပဲတီစိမ်း မစိုက်လိုက်ရဘူး။ ရွာနဲ့စိုက်တဲ့နေရာက ဝေးတော့ မသွားရဲဘူး"ဟု မုံရွာမြို့နယ်၊ ကျောက္ကာဆည်အနီးရှိ ညောင်ပင်ရွာ စပါးစိုက်တောင်သူ ဦးမာတင်က ပြောသည်။

မုံရွာမြို့နယ် တောင်သူအချို့သည် စိုက်ပျိုးရေးရုံးမှ ပေးသည့် တစ်ဧက ၈၅-၉၀ တင်းထွက် ဧရာမင်းစပါးမျိုးကို စိုက်ပျိုးမှုများပြီး အရင်းက ငွေကျပ် ငါးသိန်းခွဲခန့် ကုန်ကျပြီး ဆန် တင်း ၄၀ ခန့်ရကာ ဆန်တစ်အိတ် ငွေကျပ်တစ်သိန်းနှစ်သောင်း၊ သုံးသောင်းဈေးဖြင့် ရောင်းရကြောင်း သိရသည်။

(အောက်ပုံ)(၃၉၄)





## သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့်တောင်သမန်ကန် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**မန္တလေး ဇွန် ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေး ကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေး႒ာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း အလယ်ပေါင်တံတားအနောက်ဘက်မြောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေး႒ာနမှ တာဝန်ရှိသူများသည်သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် သင်္ဂဇာချောင်း အနောက်ဘက်ပတ်လမ်း လမ်း၃၀နှင့်၃၁လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

(အောက်ပုံ)

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့်ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ချောင်းကိုမြောင်းရေနှင့် ဆေးချသည့်နည်းအသုံးပြု ဆောင်ရွက်ထားသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများ႒ာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို ဘက်ဟိုးစက်တစ်စီးအသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၄၀ခန့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်တစ်စီး အသုံးပြု၍ ဖြတ်တောက်ဆောင်ရွက်ရာ တစ်ဧကခွဲခန့် ဖြတ်တောက်ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နေ့လယ်ပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေး႒ာနမှ တာဝန်ရှိသူများသည် ဇုန်(၂) ၃၄လမ်းနှင့်၃၅လမ်းကြား လမ်းဘေးဝဲ၊ယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊ သဲ၊ အမှိုက်များ တံမြက်လှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့်သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၃)



## ဝတ္ထုတိုကဏ္ဍ

# မဆိုချင်တဲ့တေး မရေးချင်တဲ့စာ




၁၀-၆-၂၀၁၉ စာမျက်နှာ(၁၄)မှအဆက်

"ကွန်ပျူတာစီ၊စာကူးစက်နဲ့ကူးမှာ လက်ရေးလှစရာမလိုသလို၊ စာသားတွေလည်း ဘာမှထူးလှ ထူးချောနေစရာမလိုပါဘူး အစ်ကိုရာ၊ အမေတစ်ယောက်လုံးဆုံးထားပြီးပြီမှတော့ - - နာရေးဖိတ်စာဟာ နာရေးဖိတ်စာပဲပေါ့။ ဘာသွား ကွန့်ညွှန့် ကဗျာထဆန်ပြနေရဦးမှာလည်းဗျာ။ ရတယ် - - - ကျွန်တော်ရေးလိုက်ပါ့မယ် အစ်ကို - - -"လို့ ထောင့်တစ်ထောင့်မှာ ဆေးလိပ်ဖွာရင်း စိတ်ထဲကနေ မဆိုချင်တဲ့တေး ခိုးဆို၊ ခိုးငို၊ ငူငေါင်ငိုင်နေမိတဲ့ကျွန်တော်က - - - အသံတိတ်လှမ်းအော်ပြောလိုက်တယ်။

"အေး - - - အေး - - - ထွန်းနိုင်ရေ၊ ခဏလေးစောင့်ပေးကွာ၊ ဆရာအခုပဲ စာစီပေးပါ့မယ်။ ကိုစွမ်းရေ - - - မင့်အန်တီမာဆီကနေ ဗလာစာအုပ်တောင်းယူခဲ့ဟေ့၊ ဦးကိုမှာ ဘောလ်ပင်န်တော့ပါတယ်။ နာရေးဖိတ်စာ စာစီရအောင်ကွာ - - -"

တူ ကိုစွမ်းရည်ကို လှမ်းအော်ပြောလိုက်ရင်း သက်ပြင်းတစ်ဖွဲ သာသာချလိုက်ရတယ်။ ခဏနေတော့ တူ ကိုစွမ်းရည်က ဗလာစာအုပ်လာပေးတယ်။ အလယ်အလွတ်စာမျက်နှာတစ်ပူး အဆင့်သင့်လှန်လှောပေးတယ်။ သူ့ဖုန်းထဲ ကော်ပီလုပ်ရှဲထားတဲ့ သူ့သူငယ်ချင်းတစ်ယောက်ရဲ့ နာရေးဖိတ်စာတစ်စောင်ကို နမူနာဖွင့်ပြတယ်။ကျွန်တော် တစ်ခေါက်ဖတ်ကြည့်လိုက်တယ်။စာရွက်ပေါ်မှာ ဘောလ်ပန်နှစ် စ,ထိပြီးချရေးပစ်လိုက်တယ်။ ကျွန်တော့်လက်တွေ တုန်လာတယ်။ မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝေ့ဝဲလျှံထွက်လာတယ်။ဘာမှ မမြင်ရ အားလုံးဝိုးဝါး။ ဝေဝါးသွားတယ်။ တူ ကိုစွမ်းက တစ်ရှူးတစ်စယူပေးတယ်။ ကျွန်တော် မျက်ရည်တွေ သုတ်ပစ်လိုက်တယ်။ ဆေးပေါ့လိပ်ကို မီးခြစ်ခြစ်ပြီး မီးညှိရှိုက်ဖွာလိုက်တယ်။ မီးခိုးနဂါးငွေ့တွေ လေမှာ ဝဲပျံ့လွင့်သွားတာကို လိုက်ငေးမောကြည့်နေခဲ့မိတယ်။ အဲဒီမီးခိုးနဂါးငွေ့တွေကြားမှာ လွန်လေပြီးတဲ့ (၃၅)နှစ်တုန်းဆီက အဖေ ဦးသောင်းစိန် သန်စွမ်းကျန်းမာသွားလာလှုပ်ရှားနေရင်းက မူးလိုက်တာ - -တစ်ခွန်းညည်းရင်း ခေါက်ခနဲ ရုတ်တရက်သေဆုံးသွားခဲ့တုန်းက - - -။ အဖေ့ နာရေးဖိတ်စာလေး- - - ကို ကျွန်တော်လှမ်းမြင်တွေ့လိုက်ရတယ်။ တိမ်ပလီလို ခွဲနှောင်းမင်ရေးစာလုံးလေးတွေဟာ တစ်ခဏနဲ့ပြန်ပြီး ပျံသွား၊ လွင့်သွား၊ ပျောက်ကွယ်သွားပြန်တယ်။

အဲဒီတုန်းက အဖေ့နာရေးဖိတ်စာ ဘယ်သူစာစီပေး၊ ဘယ်ဝါရေးပေးခဲ့လဲ ကျွန်တော် လုံးဝမမှတ်မိ၊ အမှတ်မရတော့ပါ။ ပစ္စက္ခမှာတော့ - - - အမေ့နာရေးဖိတ်စာကို ကျွန်တော် ရေးပေးရ၊ စာချစီရတော့မယ်လေ။

"ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခေ - - - ချစ်ခင်နှစ်သက်ရတဲ့ သတ္တဝါ သင်္ခါရတို့နဲ့ ကွေကွင်းရခြင်းဟာ ဆင်းရဲလှပါတယ်။ သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာ ဘာဝေါ ဝိနာ ဘာဝေါတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ - - - ငါဟာ ငါချစ်မြတ်နိုးအပ်တဲ့ အရာအားလုံးတို့နဲ့ ရှင်ကွဲကွဲရခြင်း၊ သေကွဲကွဲရခြင်းတွေ ဧကန်မုချဖြစ်ကြုံရမယ် - - -"

"လာတုန်းကလည်း၊ တစ်ယောက်တည်းနော်၊ လက်တွဲခေါ်ကာ၊ ဖော်မပါဘူး၊ ဥစ္စာချည်းနီး၊ ကိုယ်ထည်းတည်း - - -။ ပြန်သွားတော့လည်း၊ တစ်ယောက်တည်းနော်၊ လက်တွဲခေါ်ကာ၊ ဖော်မပါဘူး၊ ဥစ္စာချည်းနီး၊ ကိုယ်ထည်းတည်း - - -။ လာပြီးတော့နား၊ မသွားသေးခင်၊ ချိန်လေးတွင်မှ၊ ဝန်းကျင်ယှက်နွယ်၊ နှောင်ကြိုးတွယ်ကြ၊ ပြုံးရယ်ငိုမဲ့၊ ချစ်မုန်းပိုကြ၊ မလိုဒေါသ၊ လိုလောဘနှင့်၊ ဘဝရိပ်မြုံ၊ ကကြိုးစုံခဲ့။ နေကုန်မိုးချုပ်၊ လက်တွဲဖြုတ်ကာ၊ သုတ်သုတ်နှင်သည်၊ တို့လျှင်ဧည့်သည်ပါတကား - - -။ ဧည့်သည် - - - ဧည့်သည်- - -"

ကျွန်တော်ဟာ - - - မန္တလေးမြို့၊ ကဋ္ဌဏမဟီ၊ (၆၃၀)ရပ်၊ ၃၂လမ်း၊ ၇၉လမ်းနှင့် လမ်း၈၀ကြား၊ တရုတ်တန်း၊ ပိုးတန်းရပ်နေ - - ။ ရှေ့ဆက်မရေးနိုင်ဘဲ ကြားဖူးနားဝတရားမမွေတွေ တွေတွေတွေးရင်း ငေးငေးငေးရင်း ဆေးလိပ်ဖွာနေမိတာ အတန်ငယ်ကြာသွားခဲ့ထင့်။

"ဦးကို ရလား၊ သားပဲရေးပေးလိုက်ရမလား ဦးကို - - -"

ကိုစွမ်းရည်က သတိပေးရင်းမေးတယ်။ ကျွန်တော် ညင်သာခေါင်းရမ်းပြလိုက်တယ်။ စာရွက်ပေါ် ဘောလ်ပန်နှစ် ပြန်ထိချလိုက်တယ်။ (ဦးသောင်းစိန်)၏ ဇနီး - - - ကနေ၊ - - - ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု - - အဆုံးအထိ "Non- Stop"တစ်ခါတည်းစာလုံးတွေစီချရေးပစ်တယ်။

မရေးချင်တဲ့စာ - - -။

အမေ့နာရေးဖိတ်စာ - - -။

ရင်နာကြေကွဲ မျက်ရည်ဝဲဝဲနဲ့ အားတင်းရေးရတဲ့စာ - - - ။

ရေးပြီးတာနဲ့ ဟာတာတာကြီး ခံစားလိုက်ရတယ်။ အလုပ်အား စာသင်အားတိုင်း - - - မြို့ထဲရောက်တိုင်း - - -၊ မကြာခဏ သတိတရ တခုတ်တရ မုန့်ပဲသရေစာ၊ အသပြာ - - - တွေနဲ့ တရိုတသေ "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ - - -" ပူဇော်ကန်တော့ရလေတိုင်း - - "ကျန်းမာချမ်းသာပါစေ။ ကျူရှင်ကလေးတွေ အများကြီး ဝင်လာပါစေ။ စာပေပြိုင်ပွဲတွေ ဝင်ပြိုင်တိုင်း ပထမဆုကြီး အမြဲရဆွတ်ခူးနိုင်ပါစေ။ ကပ်သုံးပါးဘေး ဝေးပါစေ။ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါးတို့မှလွဲပါစေ၊ ကင်းလွတ်ငြိမ်းပါစေ- -" လို့ ပြုံးကြည့်တဲ့မျက်နှာနဲ့ ဆုတွေတသီကြီးပေးပြီး ခွဲ့ကျွေးတာကို အားပါးတရ စားစားပြတတ်တဲ့ - - - ကျွန်တော့်သက်ရှိဘုရား၊ အမေ၊ မိခင် - - - မရှိတော့ဘူး - - - ။ တကယ် ခွဲသွားပြီ။ တကယ်ဘဝခြားသွားပြီ - - - ဆိုတဲ့အသိတရားနဲ့အတူ ချောက်ချားတုန်လှုပ်သွားမိတယ်။ မူးဝေနောက်ကျိလာတယ်။ ညီမတွေ၊တူမတွေလို အော်အော်ပြီး ငိုချပစ်ချင်လာမိတယ်။ တူအကြီးဆုံး ကိုထင်ကျော်က အလိုက်တသိ အာရုပင်မှည့်အအေးဘူးကမ်းပေးတယ်။တူ ကိုစွမ်းရည်က ကျွန်တော့်ငွေနဂါးဆေးပေါ့လိပ်တိုသွား၊ကုန်သွားမှန်းသိလို့ သူ့အိတ်ကပ်ထဲက "Mild Seven" စီးကရက်ဘူး ထုတ်ပြီးကမ်းပေးတယ်။ အအေးသောက်ရင်း စီးကရက်မီးငြှိ ရှိုက်ဖွာလိုက်ရင်း - - - သက်ပြင်းအခါခါချနေမိရတယ်။

တူ ကိုထင်ကျော်၊ ကိုစွမ်းရည်တို့ဟာ ဖုန်းကိုယ်စီနဲ့ အမေ့နာရေးဖိတ်စာအကြမ်းကို ဓာတ်ပုံရိုက်ယူလိုက်ကြတာက စ,လို့ - - - "E-Mail" နဲ့ သတင်းစာကြော်ငြာလှမ်းထည့်ကြ၊ "K-Pay" နဲ့ ငွေလွှဲကြ၊ "Messenger" နဲ့ "Viber"တွေကနေ သူတို့ရုံးက "Computer Section" က စာစီစာရိုက်သမားကို လှမ်းပေးကြ၊ ပို့ကြ၊ ဖုန်းတဂွမ်ဂွမ် အပြန်အလှန်ဆက်ကြ၊ ပြောကြတယ်။ ဟောဗျ ကျွန်တော်ဆို့နင့်ကြေကွဲမျက်ရည်ဝဲရင်း ဖိတ်စာအကြမ်း စာစီချရေးတဲ့အချိန်ပမာဏလောက်တောင်မကြာတဲ့ တစ်ခဏအတွင်းမှာပဲ အမေ့အိမ်ကို အမေ့နာရေးဖိတ်စာ အစောင် ၃၀၀ ရောက်ရှိလာခဲ့တယ်။

ကိုထွန်းထွန်းနိုင်နဲ့အတူ "တရုတ်တန်း၊ ပိုးတန်းလူငယ်" အသင်းသားတွေကလည်း ဖိတ်စာအချို့ ယူငင်ကြပြီး ရပ်ကွက်ထဲလှည့်ဝေ လှည့်ဖိတ်ကြဖို့ ထွက်သွားကြပြီ။

"Maw Maw" အကောင့်ရှင် ဖရန့်သုံးထောင်ရှင် အစ်ကို ကိုမောင်မောင်က သူ့ဖုန်း" Gallary" ထဲက အမေနဲ့သူတို့မိသားတစ်စုရဲ့ ဓာတ်ပုံတွေအချို့နဲ့၊ အမေ့နာရေးဖိတ်စာဓာတ်ပုံနဲ့၊ အပေါ်စာ Say Something" သုံးလေးငါးကြောင်းရေးတွဲရိုက်ပြီး သူ့ "Social Network" လူမှုကွန်ရက် စာမျက်နှာ အင်တာနက်မှာ တင်တယ်။

ကျွန်တော်ကတော့ - - - ။

ဒီနေ့ - - - မဆိုချင်တဲ့တေးလည်း တိုးတိုးခိုးဆိုခဲ့ရပြီ။ မရေးချင်တဲ့စာလည်း ကြေကွဲကြိတ်မှိတ်ရေးခဲ့ရပြီ။ အအေးမှန်ခေါင်းတလားကြီးထဲ လဲလျောင်းနေရပြီဖြစ်တဲ့ အမေ့ကို တစ်ဝကြီးငေးဖူးကြည့်ပူဇော်နေခဲ့ရင်း ကျွန်တော့်မသိစိတ်က ညွှန်တဲ့အတိုင်း ဘယ်သူမှမသိကြရအောင် - - - ကျွန်တော်ဟာ - - - အမေ့ဘုရားခန်းက အဖေနဲ့အမေတို့ နှစ်ယောက်စုံတွဲဓာတ်ပုံလေးရယ် - - -၊ အမေစိပ်နေကျ ဂုဏ်တော်ပုတီးလေးရယ်ကို - - - တိတ်တဆိတ်ဖြုတ် - - - ယူငင် - - - သိုဝှက် - - - ထားခဲ့မိရပြီ - - ။

## အမြန်လမ်း ကြက်ခြေနီစခန်းများသို့ လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်

**မန္တလေး ဇွန် ၁၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှပေးပို့သော လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၅ရက် မွန်းလွဲ ၂ နာရီခွဲက အမြန်လမ်း (၃၂၆)မိုင် ကြက်ခြေနီစခန်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က အမှာစကားပြောကြားပြီး ကြက်ခြေနီလူနာတင်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြစ်သားမြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးတင်ဦးလွင်က လက်ခံရယူပြီး ကျောက်ဆည်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်သင်းပြန့်ကြူက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ညနေ ၄ နာရီတွင် မိတ္ထီလာမြို့နယ် (၂၈၅) မိုင် ကြက်ခြေနီစခန်းတွင် လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက လူနာတင်ယာဉ်ပေးအပ်ရခြင်းအကြောင်း ပြောကြားပြီး လူနာတင်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မိတ္ထီလာခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အမြန်လမ်း (၃၂၆) မိုင် ကြက်ခြေနီစခန်းကို မြစ်သားမြို့နယ် ကြက်ခြေနီအသင်းခွဲမှလည်းကောင်း၊(၂၈၅) မိုင် ကြက်ခြေနီစခန်းကို မိတ္ထီလာမြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ယာပုံ)

(ဝ၄၅)



*-*-*-*-*-*-*

## မစိုးရိမ်ကျောင်းတိုက်အတွင်းရှိ သံဃာတော်များအား Pfizer ကိုဗစ်ကာကွယ်ဆေး ထိုးနံ့ပေး



**မန္တလေး ဇွန် ၁၆**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၌ ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက မစိုးရိမ်ကျောင်းတိုက် အတွင်းရှိ သံဃာတော်များအား Pfizer ကိုဗစ်ကာကွယ်ဆေးထိုး နံ့ပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနံ့မှုကို မဟာအောင်မြေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူးအိစံ ဦးစီးသော သူနာပြုဆရာမများက မစိုးရိမ် ကျောင်းတိုက်အတွင်း သတင်း သုံးတော်မူသော စာသင်သံဃာ တော် အပါး ၂၀၀၀ ကျော်တို့အား Covid-19 Pfizer အမျိုးအစား ကာကွယ်ဆေးကို နှစ်ရက်တာ ထိုးနံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၅၆)

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးနေမှုများအား ကြည့်ရှုအားပေး

**ရှာင် ဇွန် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရှာင်မြို့နယ်ဘဏ်ခွဲမှ တောင်သူ လယ်သမားများသို့ စိုက်ပျိုးစရိတ် အရင်းအနှီးများ ရရှိစေရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ် ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၁၃ ရက် နံနက် ၁၀ နာရီခွဲ က တောင်သူများ ချေးငွေလာ ရောက်ထုတ်ယူနေမှုများကို မြို့ နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။



၂၀၂၄ မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေများကို မေ ၂၈ ရက် နံနက်ပိုင်းမှစ၍ ထုတ်ချေးပေး လျက်ရှိပြီး စိုက်ပျိုးရာသီအလိုက် ထုတ်ချေးပေးထားသည့် ချေးငွေ များကို တောင်သူများအနေဖြင့် အချိန်စေ့ ချေးငွေပြေကျေမှသာ (ယခင်ကြွေးကျန်ကင်းရှင်းမှသာ) ချေးငွေအသစ်ထုတ်ချေးခွင့် ရရှိ မည်ဖြစ်ပြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေး သော အခြားနှစ်တို၊ နှစ်လတ် ချေးငွေများကိုလည်း သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ထုတ် ချေးခွင့်ရရှိမည် ဖြစ်ပါသည်။

ချေးငွေများကို ဇွန် ၁၃ ရက် အထိ ကျေးရွာအုပ်စု(၁၁)အုပ်စု ရှိတောင်သူ ၄၈၁ ဦးအား စပါး ဧက ၂၀၁၀နှင့် အခြားသီးနှံ ၃၀၇ ဧကအတွက် ငွေကျပ် ၃၃၂, ၂၀၀၀,၀၀ ကို ထုတ်ချေးပေးခဲ့ သည်။ တစ်ဧကလျှင် စပါးငွေ ကျပ် ၁၅၀,၀၀၀၊ ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်)ငွေကျပ် ၁၅၀, ၀၀၀၊ အခြားသီးနှံ ငွေကျပ် ၁၀၀, ၀၀၀ နှုန်းဖြင့် ထုတ်ချေးမည်ဖြစ် ပြီး အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ လျှင် ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ ရှာင်မြို့နယ်ဘဏ်ခွဲအနေဖြင့် ၂၀၂၄ မိုးရာသီတွင် စပါး ဧက ၄၀၀၀နှင့် အခြားသီးနှံ ၁၀၀၀ ဧကအတွက် ငွေကျပ် သိန်း ၇၀၀၀ ထုတ်ချေးပေးသွားရန် လျာထား ပါကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်၊ မြို့နယ်မန်နေဂျာထံမှ သိရသည်။

(အပေါ်ပုံ)

(၃၃၈)

## ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို စစ်ဆေး

**ညောင်ရွှေ ဇွန် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်ကွက်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိ သူများက ဇွန် ၁၄ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ တွင် ညောင်ရွှေမြို့နယ် စည်ပင် သာယာရေးဌာန အမှုဆောင် အရာရှိ ဦးတင့်ဝေ၊ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ဆန်း တို့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တွင် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၈၅ သိန်းဖြင့် ဆောင်ရွက်သည့် ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်ကွက်၊ နန္ဒဝန်အောင်ချမ်းသာ ၅ လမ်း၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင် ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး ညောင်ရွှေမြို့နယ် စည်ပင်သာယာ ရေးဌာန အငယ်တန်းအင်ဂျင် နီယာ-၂ ဒေါ်ချစ်ဆုကလျာဝင်း က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကို ရှင်းလင်းပြသရာ အမှုဆောင် အရာရှိက လမ်းကိုရေရှည်အသုံး ပြုနိုင်စေရေးအတွက် စနစ်တကျ ထိန်းသိမ်းကြရန် တာဝန်ရှိသူများ ကိုမှာကြားကာ လုပ်ငန်းလိုအပ် ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ညောင်ရွှေမြို့၊ နန္ဒဝန်ရပ် ကွက်၊ နန္ဒဝန်အောင်ချမ်းသာ ၅ လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း သည် လမ်းအရှည် ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ ရှိပြီး ညောင်ရွှေမြို့နယ် စည်ပင် သာယာရေးဌာနက ဇွန် ၁၀ ရက် မှ စတင်ဆောင်ရွက်ခဲ့ရာ ယခု အခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကတ္တရာလမ်းခင်းခြင်းဆောင် ရွက်ပေးနိုင်မှုကြောင့် ရပ်ကွက်နေ ပြည်သူများ ရာသီမရွေးအဆင်ပြေ ချောမွေ့စွာဖြင့် သွားလာအသုံးပြု နိုင်မည်ဖြစ်ကြောင်း၊ ညောင်ရွှေ မြို့သာယာလှပစေရေးအတွက် လည်း အကျိုးပြုစေပြီး ဒေသခံ ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာစေမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် စည်ပင်သာယာ ရေးဌာနမှ သိရသည်။

(အပေါ်ပုံ)

**ကျော်စောဦး(မောရှမ်းမြေ)**



သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မြတ်လနယုန် ကောင်းမြတ်စုံ

* တိမ်တိုက်တို့ အုံ့ကာမှိုင်း
ရောင်ညို့စိုင်း လေပြည်ချို။
မိုးဦးအစ ရွာသွန်းဖြိုး
စိုက်ပျိုးချိန်အညီ။
ဇေဋ္ဌနှင့် မိဂသီ
စန်းယှဉ်တည် နက္ခတ်ဆန်း။
ချိန်ခါမီ အလှဆင့်ပါတဲ့
ပွင့်စံပယ်ပန်း။

* မြင်းတာရာ ကောင်းကင်လွှမ်းလို့
တောက်ပလျှမ်း ချမ်းသာရွှင်။
စာတော်ပြန် သဘင်ပွဲ
ကျင်းပနွှဲဆင်။

* ကြာသပတေးနှင့် အင်္ဂါပင်
ရာဇာတွင် နေ့ရက်ထူး။
ရက်မစုံ နှစ်ဆယ့်ကိုးရယ်နဲ့
ရှေ့တိုးလကူး။

* မိန်းမ ယောကျ်ား သဏ္ဍာန်ကျူးလို့
ယှဉ်တွဲမြူး နယုန်ပေ။
မေထုန်ရာသီ ခေါ်တွင်ကြ
အေးမြရွှင်စေ။

* နဂါးခေါင်း မြောက်ဘက်လေ
လှည့်ကာနေ စောင့်ရှောက်ထား။
နယုန်လမည် ရာသီအသင့် ရယ်မို့
လျှမ်းပဝင့်ကြွား။ ။

**မင်းမြတ်မိုး(မန်းမြေ)**

## သတင်းပဒေသာ

### မိုးစပါးစိုက်ပျိုးရန် သွင်းအားစုများ ထောက်ပံ့

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ မေတ္တာမွန်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းသားများသို့ မြို့နယ်သမဝါယမအသင်းစုပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးသော အခြေခံသမဝါယမအသင်းသား တောင်သူ ၂၃ ဦးတို့၏ ၁၀၅ ဧကအတွက် ၂၁၀ သိန်းနှင့် ညီမျှသော သွင်းအားစုများထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ပိန္နဲပင်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာအသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။ အစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြိုးဖြိုးအေးက အဖွင့်အမှာစကားပြောကြားပြီးနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေးက "ကျောင်းသားနှင့် စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောပေးခဲ့ပြီးနောက် ဟောပြောချက်များနှင့်ပတ်သက်၍ ဆန်းစစ်ခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးသူငယ်ဥပဒေဆိုင်ရာအကြောင်း အသိပညာပေး

၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်(အကြို) ဟောပြောပွဲ၊ နံရံကပ်စာစောင်ဓာတ်ပုံပြပွဲအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(community centre)ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂နာရီက ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမော်မှ ကလေးသူငယ်ဥပဒေဆိုင်ရာအကြောင်းအသိပညာပေး ဆွေးနွေးဟောပြောပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု၊ မအူလေးပင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် "စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး" ဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ရွာတော်ကျေးရွာမွှာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များအခမဲ့ငှားရမ်းပေးခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၁၀ နာရီက မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင် စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်မည်

**စစ်ကိုင်း ဇွန် ၁၆**

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးကို လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်မည်ဖြစ်သည်။



ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ အလှူတော်ငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းသည်။

ဆွမ်းဦးပုညရှင်စေတီလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေး ဩဝါဒခံယူပွဲနှင့် အလှူငွေဆက်ကပ်ခြင်းအခမ်းအနားကို ဇွန် ၁၄ ရက် နံနက်ပိုင်းက ပုညရှင်စေတီတော် သာသနာ့ဗိမာန်တော်တွင် ကျင်းပသည်။

အခမ်းအနားတွင် သီတဂူ ဆရာတော်ကြီးထံမှ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆွမ်းဦးပုညရှင်စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးပရိသတ်များက ဩဝါဒ ခံယူပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွမ်းဦးပုညရှင်စေတီတော်လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးကိစ္စနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက သီတဂူ ဆရာတော်ကြီးနှင့် ပင့်သံဃာ ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး သီတဂူဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

သီတဂူဆရာတော်ကြီးနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းလျှောက်ထားကြောင်း သိရသည်။ **(၃၉၄)**



## မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၈၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇွန် ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့်ဝန်ထမ်းမိသားစုများ မှစုပေါင်း၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။ **(အပေါ်ပုံ)**

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၈၃)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးကြော်အုန်းနို့နှပ်ချက်၊ သရက်ချဉ်သုပ်တို့ကို ၃၆လမ်းနှင့်၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များအား နံနက် ၅ နာရီခွဲမှစတင် လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက် လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်–၃)**

## ဟုမ္မလင်းမြို့ သက်ကြီးဘိုးဘွားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**ဟုမ္မလင်း ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသခန်းမဆောင်တွင် ဇွန် ၁၄ ရက်က သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သည်။



သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုကို အပတ်စဉ်သောကြာနေ့တိုင်း နံနက် ၈ နာရီမှ ၁၂ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိပြီး ဘိုးဘွားများအား အလှူရှင်မိသားစုများက အာဟာရဒါနကြာဆံဟင်းခါးတိုက်ကျွေးခဲ့သည်။ **(ဓာတ်ပုံ)**

သက်ကြီးဘိုးဘွားများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသပေးခြင်းများကို ဟုမ္မလင်းခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်ဆွေ၊ တာဝန်ကျဆရာဝန်များ၊ ဆရာ၊ ဆရာမများက ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

သက်ကြီးရွယ်အိုများအား မကူးစက်ခင် ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီး နှလုံးရောဂါ၊ သွေးတိုးဆီးချို၊ ရောဂါအခံရှိသူ သက်ကြီးဘိုးဘွား ၁၂၀ ဦးကို အခမဲ့စောင့်ရှောက်ကုပေးခဲ့ကြောင်း သိရသည်။ **(၃၉၄)**

# နယုန်လနှင့် စပ်လျဉ်း၍

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်ပြီး အဓိက ဆန်စပါးစိုက်ပျိုးရာနိုင်ငံဖြစ်၍လည်း မျိုးကောင်း၊ မျိုးသန့် စပါးမျိုးကို ရွေးချယ်စိုက်ပျိုးကြသည်။ လယ်ယာမြေထဲကို စိုက်ပျိုးရန် ရေရရှိဖို့မှာတော့ ဧရာဝတီမြစ်ကြီးကနေ သွယ်ယူရေသွင်းရသောစနစ်ကို သုံးပါသည်။ မေခမြစ်နှင့် မလိခမြစ်တို့ ပေါင်းဆုံရာကနေ ဧရာဝတီမြစ်ကြီးဖြစ်လာပြီး မြန်မာနိုင်ငံ၏အသုံးဝင်ဆုံးသော ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံအထက်ပိုင်းကနေ စီးဆင်းသည်မှာ မြန်မာနိုင်ငံအောက်ပိုင်းအထိ တစ်နိုင်ငံလုံးတွင် နေထိုင်ကြသော နိုင်ငံသားများအတွက် စားစရာ၊ သောက်စရာ၊ သွားလာရောင်းဝယ်ရေး၊ ကုန်ကူးသန်းပို့ဆောင်ရေးများအတွက် များစွာအသုံးဝင်သဖြင့် မြန်မာနိုင်ငံ၏ မိခင်ဆိုသည်လည်းဟုတ်၊ ဖခင်ဆိုသည်လည်း ဟုတ်ပေသည်။ မြန်မာနိုင်ငံအတွက် အဓိက ပင်မသွေးကြောကြီးတစ်ခုပမာ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မြစ်ကြီး ငါးသွယ် မြစ်ငယ် ငါးရာတို့ရှိပြီး အင်းအိုင်၊ ကန်ချောင်း၊ ဆည်မြောင်း၊ တာတမံ၊ ရေလှောင်ကန်ကြီးတွေ၊ ရေကာတာကြီးတွေ ဆောက်လုပ်ကြပြီး လယ်ယာကဏ္ဍကိုအဓိကထားမြစ်ရေကို လိုအပ်သလို သုံးစွဲနေကြရတာဖြစ်တော့လည်း မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်အခါက ရောဟိဏီမြစ်ကဲ့သို့ပင် ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်တို့သည်လည်း အသုံးဝင်နေပေတော့သည်။ လူသားများ အသက်ရှင်နေထိုင်နိုင်ဖို့ ရေ၊ မြေ၊ လေ၊ နေ ဆိုသော သဘာဝတရားကြီးတွေက ဖေးမကူညီစောင့်ရှောက်ထားပေသည်။ ယခုခေတ်မှာသာ မဟုတ်ပါ၊ ဘုရားလက်ထက်တော်အခါကပင် ရှိခဲ့ခြင်းဖြစ်ရာ ကပ္ပိလဝတ်မြို့နှင့် ကောလိယမြို့တို့ကို နယ်မြေခြားနားထားသော ရောဟိဏီမြစ်ကြီးရှိခဲ့သည်။ ထိုမြစ်ကြီးမှ ရေကိုသွယ်ကူကာ ကပ္ပိလဝတ်မြို့နှင့် ကောလိယမြို့မှာရှိကြသော လယ်သမားများသည် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုကြသည်။

မိုးခေါင်သောအခါ ကောက်နှံစပါးတွေ ညှိုးနွမ်းခြောက်သွေ့ပြီး မဖြစ်ထွန်းတော့သည့် အခြေအနေမျိုး ရောက်တတ်သည်။ ရောဟိဏီမြစ်တွင်လည်း မိုးခေါင်တော့ ရေနည်းလာသည်။ မြို့နှစ်မြို့မှာ နေထိုင်ကြသော လယ်သမားများသည် သူ့လယ်ကိုယ့်လယ် ရေသွင်းယူကြဖို့ စကားပြောကြသောအခါ ရေအဝေမတည့်ဖြစ်ခဲ့ပြီး စကားများရန်ဖြစ်ကြကာ စစ်ကြေညာသောအဆင့်အထိ ရောက်ရှိလာခဲ့လေသည်။

နှစ်ဖက်စစ်ကြေညာသော နယုန်လပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရားသည် မိုးကောင်းကင်ထက်မှာ နှစ်ဖက်စစ်ပွဲအလယ်တွင် ရောင်ခြည်တော်ခြောက်သွယ်ကို ကွန့်မြူးလွှတ်တော်မူပြီး ကိုယ်ထင်ပြလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူနေပါသည်။

ထိုအခါ စစ်တလင်းမှာ စစ်ခင်းကြမည့် ကပ္ပိလဝတ်နှင့် ကောလိယမြို့သူ၊ မြို့သားတွေသည် မြတ်စွာဘုရားရှင်ကို ဖူးမြော်မြင်တွေ့ကြရသောအခါ ငါတို့သည် မြတ်စွာဘုရားရှေ့မှောက်၌ သူတစ်ပါးကိုယ်ပေါ်သို့ ဓားလှံလက်နက်တို့ ကျရောက်စေဖို့ရာ မသင့်တော်ပေဘူးဟု နှလုံးသွင်းကြ၍ လက်နက်များကို စွန့်လွှတ်ကြတော့သည်။

မြတ်စွာဘုရားရှင်ကလည်း နှစ်ဖက်စစ်ပွဲပြဿနာငြိမ်းစေဖို့ ရေထက် မြေကြီးက တန်ဖိုးကြီးမားပုံ၊ မြေကြီးထက် လူသားများက ပို၍တန်ဖိုးကြီးပုံ၊ မြစ်ရေကို ခွဲဝေသုံးစွဲလျှင်ရနိုင်ကြောင်း၊ နှစ်ဦးနှစ်ဖက် အဆင်ပြေမှာဖြစ်ကြောင်း၊ ရေကြောင့် လူသားအချင်းချင်း မသတ်ဖြတ် မဖျက်ဆီးသင့်ပုံတို့ကို အကျယ်တဝင့် ဟောကြားတော်မူခဲ့ပေသည်။

စစ်ပြေငြိမ်းကြောင်း တရားတော်၏အဆုံး၌ နှစ်ဖက်စလုံးမှာရှိကြသော နှစ်ဖက်မြို့သူ၊ မြို့သားများတို့သည် ဘုရားကို အမှီပြုပြီး အသက်ချမ်းသာ ရရှိသွားကြပုံကို သတိရကာ မြတ်စွာဘုရားရှင်၏ ကျေးဇူးတော်အနန္တကို သိရှိနားလည်သွားကြပြီး ပိုမို၍ကြည်ညိုသွားကြသည်။ သာကီဝင် မင်းသား ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြတ်စွာဘုရားသည် မင်းသား ၅၀၀ တို့ကို ရဟန်းပြုစေလျက် မဟာဝုန်တောသို့ ခေါ်ဆောင်တော်မူလာခဲ့ပေသည်။ ရဟန်းဖြစ်ပြီးစအချိန်တွင် သာကီဝင်မင်းသားတို့သည် သာသနာတော်၌ မပျော်ပိုက်သေးသည့်အဖြစ်ကို မြင်တော်မူပြီး မြတ်စွာဘုရားသည် ရဟန်းငါးရာတို့အား ဟိမဝန္တာတောရှိ ကုဏာလအိုင်သို့ တန်ခိုးတော်ဖြင့် ခေါ်ဆောင်သွားတော်မူလျက် ကမ္မဋ္ဌာန်းတရား အားထုတ်စေရာ ရဟန်းငါးရာတို့ ရဟန္တာဖြစ်ကြပြီး မိမိတို့၏ ကိုယ်ပိုင်ရရှိထားသော တန်ဖိုးဣဒ္ဓိပါဒ်ဖြင့် မဟာဝုန်တောသို့ ပြန်လည်ရောက်ရှိလာကြတော့သည်။

ထို့နောက် မြတ်စွာဘုရားရှင်သည် ရဟန်း ငါးရာနှင့်အတူ မြတ်စွာဘုရားကို ဖူးမြော်ရန်ရောက်ရှိလာကြကုန်သော စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့အား နယုန်လပြည့်နေ့တွင် မဟာသမယသုတ်တော်ကို ဟောကြားတော်မူခဲ့ပါသည်။

နယုန်လနှင့်ပတ်သက်၍ ရှေးပညာရှိ စာဆိုရှင်တို့ ရေးဖွဲ့ခဲ့ကြသည်မှာ တန်ခူး မိဿ စိတြ၊ ကဆုန်ပြိဿာ ဝိသာခါ၊ နယုန်မေထုန်ဇေဋ္ဌကြံ့၊ ဝါဆိုကရကဋ်မှန် ပြုဗ္ဗာသဠ် စသည်ဖြင့် ရေးစပ်ဖွဲ့ဆိုခဲ့ကြသည်။ "စည်းဝေးသံဃာ အရိယာတို့ ရွှေစာမေးပွဲ ထိန့်ရိုက်ကြဲမျှ ကျင်းပမြဲ စပယ်ပန်းလည်း သင်းစမြဲလ ရာသီပေတည်း" ဟူ၍ ဖတ်ရှုမှတ်သားမိရာ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ အမရပူရတွင်လည်း ဆက်လက်ထွန်းကားလာခဲ့သော ဗုဒ္ဓဘာသာသာသနာတော်သည် နယုန်လတွင် စာပြန်ပွဲ၊ ဝါဆိုလတွင် ပဋ္ဌာန်းခံပွဲများ ကျင်းပခဲ့ကြခြင်းကြောင့် ဖြစ်သည်။ နယုန်လပြည့်နေ့သည် နတ်ဒေဝါများ စည်းရုံးစုပေါင်း၍ ဘုရားရှင်၏မဟာသမယသုတ်တရားတော်ကို နာကြားကြရသဖြင့် နတ်သဘင်ညီလာခံ တရားတော်ဖြစ်၍ နတ်ချစ်ဒေသနာဟု ခေါ်ဆိုကြသည်။ နယုန်လပြည့် မဟာသမယနေ့ဟူ၍ နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာ နယုန်လနှင့် စပ်လျဉ်း၍ သိကောင်းစရာများကို ရေးသားရာတွင် ပရိတ်တော်၊ ပဋ္ဌာန်းတရားတော်များပါ ထည့်သွင်း၍ ဗုဒ္ဓဘာသာနွယ်ဝင် မျိုးဆက်သစ်လူငယ်၊ လူရွယ်တို့ ဘာသာရေးအသိ ဗဟုသုတပွားများစေခြင်း အလို့ငှာ ရေးသားတင်ပြခြင်းပါသည်။

စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားဒါယကာ သာလွန်မင်းတရားကြီးလက်ထက်မှာ ဝါဆိုတော်မူကြမည့် ရဟန်း၊ သံဃာတော်တို့အား အရည်အချင်းစစ်ဆေးသည့်အနေဖြင့် စာမေးပွဲများ၊ စာပြန်ပွဲများကို နယုန်လတွင် စတင်ကျင်းပလာခဲ့သော အစဉ်အလာရှိခဲ့ဖူးသည်။ ယနေ့ခေတ်တွင် တပေါင်း၊ တန်ခူး နှစ်သစ်မကူးခင် စာဖြေပွဲများ ကျင်းပလာခဲ့ကြပါသည်။

အင်းဝခေတ်တွင် ရက်ရှည်ကျင်းပသော ပဋ္ဌာန်းပွဲများကို ကျင်းပခဲ့ကြသည်။ မင်း၊ မိဖုရား၊ အိမ်ရှေ့မင်း၊ မင်းမျိုးမင်းနွယ်၊ မှူးမတ်သေနာပတိ၊ သူဌေးသူကြွယ်တို့သည် ကုသိုလ်ကောင်းမှုပြုကြ၍ သာသနာကို လွန်စွာထွန်းလင်းတောက်ပစေပါသည်။

အမရပူရခေတ် ဘိုးတော်ဘုရားလက်ထက်တွင်လည်း ရက်ရှည်ပဋ္ဌာန်းပွဲများ၊ စာပြန်ပွဲတော်များ၊ ပဋ္ဌာန်းတော်ခံပွဲများ အမြဲမပြတ်ပြုလုပ်၍ သာသနာတော်ကို မြှောက်စားခဲ့ပါသည်။ နယုန်လတွင် စာဖြေပွဲဝင်ခဲ့ကြသော ရဟန်း၊ သံဃာတော်တို့ စာဖြေပွဲအောင်ပါက ဝါဆိုလတွင် ပဋ္ဌာန်းခံနိုင်သောအရွယ်ဖြစ်လျှင် သာမဏေမှ ရဟန်းဘောင်သို့ တက်လှမ်းနိုင်သော အခါအခွင့်သင့်ကြရပါသည်။

ရတနာပုံခေတ်တွင် မင်းတုန်းမင်း၏ မြောက်နန်းဆောင်မိဖုရား သီရိမဟာရတနာ မင်္ဂလာဒေဝီဘွဲ့ခံ မယ်သဲ၏ကောင်းမှုဖြစ်သည့် ပဋ္ဌာန်းဟောရွှေသိမ်တော်ကြီးတွင် နယုန်လ စာတော်ပြန်ပွဲ၊ ဝါဆိုလ ပဋ္ဌာန်းတော်ခံပွဲများ ကျင်းပပြုလုပ်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် ဗုဒ္ဓဘာသာ အခြေခံဓမ္မစကူးလ်သင်တန်းကျောင်းများ ဖွင့်လှစ်ကြပြီး ဘာသာရေးအသိဓမ္မစာပေများ သင်ကြားပို့ချနေကြသည်။ နိုင်ငံတစ်ဝန်းရှိ ကျောင်းတိုက်တော်များတွင်လည်း ရှင်သာမဏေများကို ဆရာတော်များက စာပေပရိယတ်များ သင်ကြားပေးလျက်ရှိနေကြပါသည်။

မင်းချမ်းသာ(ခတ္တာန်း)

## မန္တလေးကွန်ဗင်းရှင်းစင်တာတွင် Hotel Career Connect ကျင်းပ

**မန္တလေး ဇွန် ၁၆**

မန္တလေး ချမ်းမြသာစည် မြို့နယ် သိပ္ပံလမ်း၊ ၇၃လမ်းထောင့်ရှိ Mandalay Convention Center တွင် ဇွန် ၁၅ရက် နံနက် ၉နာရီ မှ ညနေ ၄နာရီခွဲအထိ YP Education Myanmar က ဦးဆောင်၍ Hotel Career Connect ကျင်းပခဲ့သည်။

"Hospitality နဲ့ ပတ်သက်ပြီး ပွဲအများစုက ရန်ကုန်မှာ လုပ်ဖြစ်တယ်၊ မန္တလေးက ကလေးတွေ ရန်ကုန်မလာနိုင်တဲ့ ကလေးတွေအတွက် ရည်ရွယ်ပြီး Hotel Career Connect ကို လုပ်ပေးဖြစ်တာပါ၊ YP Education ပိုင်းအနေနဲ့ သုံးနှစ်အတွင်း Hospitality ကျောင်းသား၊ ကျောင်းသူ ၂၅၀၀ ကျော် သင်ကြားပေးနိုင်ခဲ့တယ်၊ YP က သင်ကြားရေးပိုင်းအပြင် Scholarship အစီအစဉ်လည်းရှိပါတယ်၊ လက်လှမ်းမမီတဲ့ ကလေးတွေ၊ လုံးဝမတတ်နိုင်တဲ့ ကလေးတွေအနေနဲ့ YP ကို Scholarship ဖောင်ဖြည့်ပြီး ပို့ပေးလို့ရပါတယ်" ဟု YP Education Myanmar Operation Director ဒေါ်နှင်းလဲ့လဲ့ပိုင်က ပြောသည်။



Hotel Career Connect ကို ဟိုတယ်သင်တန်းတက်ပြီး နိုင်ငံခြားခရီးထွက်ချင်သူများအတွက် ရည်ရွယ်၍ မန္တလေးမြို့တွင် လာရောက်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ပွဲတွင် ထိုင်းနိုင်ငံမှ Hi Fly Global International အဖွဲ့အစည်း၊ Glorious Future Institute အဖွဲ့အစည်း၊ Maritime Education and Service၊ Mingalar Mandalay နှင့် Hotel Queen တို့က ဟိုတယ်သင်တန်းတက်ပြီး နိုင်ငံခြားခရီးထွက်ချင်သူများအတွက် လုပ်ငန်းအတွေ့အကြုံများ တွေ့ဆုံဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)

## ဂရုတ်(စို) ၁၇၃၂ ဧက လျာထားစိုက်ပျိုး

**တပ်ကုန်း ဇွန် ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံများဖြစ်သည့် မိုးချည်မျှင်ရှည်ဝါ၊ ဖူးစားပြောင်း၊ ပဲတီစိမ်း၊ နေကြာ၊ နှမ်း၊ မြေပဲနှင့် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးလျက်ရှိရာ ဂရုတ်(စို)များကိုလည်း စိုက်ပျိုးလျက်ရှိသည်။

တပ်ကုန်းမြို့နယ်တွင် ဂရုတ်(စို)များ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ မျိုးစေ့ကုန်ကျမှု သက်သာနိုင်ရေး၊ အပင်ဖြစ်ထွန်းကောင်းမွန်နိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းစိုက်ပျိုးကြောင်း၊ ဂရုတ်(စို)ကို ၁၇၃၂ ဧက လျာထားစိုက်ပျိုး၍ ၁၀၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ဂရုတ်(စို)ဆွတ်ခူးချိန်မှာ ဈေးကောင်းရရှိရေး မျှော်လင့်ကြောင်း ဂရုတ်(စို)စိုက် တောင်သူတစ်ဦးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**

»»» စာမျက်နှာ ၆ မှ

အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းနောက် ရန်ကုန်မြို့အတွင်းရှိ လှိုင်သာယာမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒဂုံ(ဆိပ်ကမ်း) မြို့နယ်တို့တွင် အကြမ်းဖက် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့် လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေး ပစ္စည်းများနှင့် ငွေကြေးများအား **တရားခံပြေး ရည်မွန်**က ဖမ်းဆီးရန်ကျန် တရားခံ **ချမ်းငြိမ်းသူ(ခ) ပန်ဒါလေး**မှတစ်ဆင့် ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **တရားခံပြေး ရည်မွန်**၏ စေခိုင်းမှုဖြင့် Dark Shadow အမည်ခံ အကြမ်းဖက်အဖွဲ့မှ ရန်ကုန်မြို့အတွင်း၌ အကြမ်းဖက်ဖောက်ခွဲမှု နှစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း-

- တရားခံ **ရဲဇော်ထွန်း(ခ)ဖိုးနစ်**သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် လျှပ်စစ်ရုံးရှေ့၌ လက်လုပ်မိုင်း နှစ်လုံး သွားရောက် ဖောက်ခွဲခဲ့ကြောင်း။
- တရားခံ **ဇော်ကြီး(ခ)ကိုထက်**နှင့် **ရှိန်းမြင့်မိုရ်အောင်(ခ) ကိုရှိန်း**တို့ နှစ်ဦးသည် ၂၀၂၄ ခုနှစ် ဧပြီလ(ဒုတိယပတ်)တွင် လှိုင်သာယာမြို့နယ် (၅)လမ်းထိပ် ရဲကင်းစခန်းအား လက်ပစ်ဗုံး နှစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

**သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမ ရှေ့တိုက်ဒုံးသီးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ၂၀၂၄ ခုနှစ် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ထပ်မံဖမ်းဆီးရမိမှု အခြေပြဇယား**


ရဲဇော်ထွန်း(ခ)ဖိုးနစ်(၃၄)နှစ်


ရှိန်းမြင့်မိုရ်အောင်(ခ)ကိုရှိန်း(၂၁)နှစ်



သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းအသိပေး သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## နတ်မောက်မြို့နယ် ဖက်တောရေကျေးရွာမှ နေအိမ် ၄၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၁၆

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဖက်တောရေကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၃ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် နေအိမ် ၄၀ ခန့် မီးလောင်ပျက်စီးခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်လှုံ့ဆော်နေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဖက်တောရေကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများကို PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ငွေကြေးကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများ လုပ်ဆောင်လျက်ရှိသည့်အတွက် ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၁ ရက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ဖက်တောရေကျေးရွာနှင့် မီတာ ၅၀၀ ခန့်အကွာတွင် အကြမ်းဖက်သမားများ၏ ယာယီတဲစခန်း နှစ်ခုအား တွေ့ရှိရပြီး ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည့်အတွက် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ အကြမ်းဖက်သမားများ၏ ယာယီတဲစခန်းအတွင်းမှ လက်လုပ်မိုင်းများနှင့် ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်း အချို့ကို တွေ့ရှိရသည့်အတွက် ပြည်သူများ အန္တရာယ်မဖြစ်ပွားရေးအတွက် စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ရကြောင်းနှင့် ဖက်တောရေကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### သိမ်းဆည်းခံရနိုင်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၅ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aye Sandar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဘီးကြီးကျေးရွာနေ အေးစန္ဒာအား ည ၁၀ နာရီခွဲတွင် သုံးဆယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စာဖတ်ရှိန်မြင့်မားရေး နယ်လှည့်စာကြည့်တိုက် (Mobile Library) စနစ်ဖြင့် စာအုပ်၊ စာစောင်များ (အခမဲ့) ငှားရမ်းပေး

စဉ့်ကိုင် ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန္ဒာအေးအောင်နှင့် ဝန်ထမ်းများက မြို့နယ်မီးသတ်ဦးစီးဌာနသို့ သွားရောက်၍ နယ်လှည့်စာကြည့်တိုက် (Mobile Library) စနစ်ဖြင့် စာအုပ်၊ စာစောင်များ (အခမဲ့) ငှားရမ်းပေးခြင်းကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဒုတိယဦးစီးမှူးက ကျောင်းသား၊ ကျောင်းသူများ သာမက ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် အသိပညာ ဗဟုသုတများ တိုးပွားစေရန်၊ စာဖတ်ခြင်း အကျိုးကျေးဇူးများ သိရှိစေရန်၊ စာဖတ်ခြင်းဖြင့် အကြောင်းအကျိုး၊ အကောင်းအဆိုး အမှားအမှန်တို့ကို ဝေဖန်ပိုင်းခြားနိုင်သောသူများဖြစ်စေရန်၊ စာပေ၏တန်ဖိုးကို သိရှိစေရန်၊ အချိန်ကို တန်ဖိုးရှိစွာ အသုံးပြုတတ်စေရန်တို့ကို ရည်ရွယ်၍ သုတ၊ ရသ စာအုပ်၊ စာစောင်များကို အခမဲ့ငှားရမ်းပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ လက်ဝယ်အရောက် ငှားရမ်းပေးခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူများ စာပေကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများအရောက် လိုက်လံငှားရမ်းပေးသွားမည်ဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာပေချစ်မြတ်နိုးသူတိုင်း အခမဲ့ အသင်းဝင်ရောက်ပြီး အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။ (၃၉၉)

## အခြေခံတရုတ်စကားပြောသင်တန်း(၂/၂၀၂၄) အခမဲ့သင်တန်းဖွင့်လှစ်

တပ်ကုန်း ဇွန် ၁၆

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဘာသာစကားတစ်ခု တတ်ကျွမ်းစေရန်နှင့် သင်တန်းမစမီအချိန်အတွင်း စာအုပ်စာပေများ ဖတ်ရှုလေ့လာပြီး စာပေဗဟုသုတများရရှိစေရန် ရည်ရွယ်ချက်များဖြင့် အခြေခံတရုတ်စကားပြောသင်တန်း(၂/၂၀၂၄)အခမဲ့သင်တန်းကို ဇွန် ၁၅ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ဖွင့်လှစ်၍ စတင်သင်ကြားခဲ့သည်။

သင်တန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားရာတွင် လူငယ်များ အချိန်ကိုတန်ဖိုးရှိစွာ ဖြတ်သန်းစေလိုရန်၊ အားလပ်ချိန်များတွင် အသိပညာ၊ အတတ်ပညာများ ဆည်းပူးလေ့ကျင့်တတ်စေရန် မိမိတို့ဌာနအနေဖြင့် လူငယ်များအတွက် အခြေခံအတတ်ပညာ သင်တန်းများကို အခမဲ့ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အခြေခံတရုတ်စကားပြောသင်တန်းတွင် သင်တန်းနည်းပြဆရာ ဦးအောင်ပြည့်ဖြိုးက အရေးအဖတ် သင်ကြားမည်ဖြစ်ပြီး ရပ်ကွက်၊ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၂၃ ဦး တက်ရောက်ခဲ့ပြီး အခြေခံတရုတ်စကားပြောသင်တန်း(၂/၂၀၂၄) အခမဲ့သင်တန်းကို ဇွန် ၁၅ ရက်မှ ဩဂုတ်လ ၂၅ ရက်အထိ စနေနှင့်တနင်္ဂနွေနေ့တိုင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## (၅) ကြိမ်မြောက် လန်ချန်း- မဲခေါင် ရုပ်သံသီတင်းပတ် အခမ်းအနားသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ

နေပြည်တော် ဇွန် ၁၆

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့တွင် ဇွန် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၅) ကြိမ်မြောက် လန်ချန်း - မဲခေါင် ရုပ်သံသီတင်းပတ် အခမ်းအနား (5th Lancang–Mekong Audiovisual Week) သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူမင်းမြို့ ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေပိုင်းတွင် ရောက်ရှိကြရာ ယူနန်ပြည်နယ် ရေဒီယိုနှင့် ရုပ်သံစီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ရှိသူများက လာရောက်ကြိုဆိုကြသည်။

အဆိုပါ (၅) ကြိမ်မြောက် လန်ချန်း - မဲခေါင် ရုပ်သံ သီတင်းပတ် အခမ်းအနားကို လန်ချန်း - မဲခေါင် (၆) နိုင်ငံအကြား ရုပ်သံထုတ်လွှင့်ခြင်း၊ ရုပ်သံနှင့်အွန်လိုင်း ရုပ်သံမီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများ ပိုမိုတိုးမြင့်လာစေရန်၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ယဉ်ကျေးမှုဆွေးနွေးပွဲများ တိုးမြင့်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တရုတ်အမျိုးသား ရေဒီယိုနှင့် ရုပ်သံစီမံခန့်ခွဲရေးအဖွဲ့၊ ဗီယက်နမ်နိုင်ငံ၏ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရတို့ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





## ပိုလန်ကို နောက်ကျသွင်းဂိုးဖြင့် နယ်သာလန်အသင်း အနိုင်ယူ၊ ခြေစွမ်းတူ ဆလိုပေးနီးယားနှင့် ဒိန်းမတ်တို့ တစ်ဂိုးစီ သရေကျ

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(ဃ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့၊ ဖောက်ပတ်ခ်ဘောလုံးကွင်းတွင် ပိုလန်အသင်းနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်အသင်းက ပိုလန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် အသင်း၏ အဓိက တိုက်စစ်မှူးဖြစ်သည့် လီဝန်ဒေါစကီး မပါဝင်နိုင်ခြင်းကြောင့် ပိုလန်တို့ ဂိုးရရှိရန် ခက်ခဲမည်ဟု ထင်ခဲ့သော်လည်း ပွဲစသည်နှင့် နယ်သာလန်အသင်းဘက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၆မိနစ်တွင် ဘူဆာက ပိုလန်အသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သည်။ နယ်သာလန်အသင်းကလည်း ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် ချေပဂိုးပြန်လည်ရရှိရေးအတွက် အသည်းအသန်ကြိုးပမ်းခဲ့သည်။

စာမျက်နှာ ၅ သို့ *

## ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တော အပိုင်း(၂)သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တော ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၀၈ ဒသမ ၀၇ ဧက ရှိသော နယ်မြေကို "ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တော အပိုင်း(၂)" အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၄)အရ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။ **(အောက်ပုံ)**

သံယဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော ပုဂံ ညောင်ဦးဒေသအား အပူရှိန် လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတု သာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

စာမျက်နှာ ၅ သို့ ➤

